မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၀၉ခုနှစ် ဧပြီ ၂၇ရက်တွင်ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိက သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခါလေမာ မော့လမ်တေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စင်မကော်-တံတား ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲနှင့် စင်မကော်အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျောက်တန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ စင်မကော်ကျေးရွာအဝင်ရှိ စင်မကော်-တံတား ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မှခ်ဦးအနီး၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က စင်မကော်-တံတားကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းကိုဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

ထာဝရငြိမ်းချမ်းပါစေ ဇွဲကပင်မြေ



သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း
မောင်မောင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၆

ဖထီးတို့၊ အမိုးတို့၊ ဖိုးခွားတို့၏ သာစွဌာနီ ကရင်ပြည်နယ်သို့ ကျွန်တော်တို့ သတင်းအဖွဲ့ တတိယအကြိမ်မြောက် လေ့လာရေးခရီး တစ်ခေါက် ရောက်ခဲ့ကြပြန်ပါသည်။

လေ့လာခွင့်

ယခုခရီးစဉ်၌ ကော့ကရိတ်ခရိုင် ထို့ကော်ကိုးကျေးရွာသည်လည်း အပါအဝင်ဖြစ်ခဲ့၍ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို တစ်ပါတည်း လေ့လာခွင့် ရခဲ့ပါသည်။

နောက်ကျကျန်ရစ်

ထို့ကော်ကိုးဒေသသည် ယခင်က အများသိကြသည့်အတိုင်း မငြိမ်းချမ်းခဲ့။

စာမျက်နှာ ၉ ကော်လံ ၁ ●

ငြိမ်းချမ်းရေး အသီးအပွင့်အဖြစ် ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်များစွာကို မွေးထုတ်ပေးမည့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)။ (သတင်းစဉ်)

ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်အဖြစ် နည်းပညာတက္ကသိုလ်(ဘားအံ) ပေါ်ထွန်းလာခဲ့ချေပြီ။
(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂၇ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ပြီး အခြေခံအုတ်မြစ်များ ထိန်းသိမ်းစောင့်ရှောက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားကို ကျိုင်းတုံမြို့ ကျိုင်းတုံလေဆိပ်၌ ဧပြီလ ၂၅ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားပြီး လေယာဉ်ပြေးလမ်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ကြိုးပမ်းအကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ရထားလမ်းများ၊ သင်္ဘောဆိပ်နှင့် လေယာဉ်ကွင်းကြီးများကို အသစ်တည်ဆောက်ပေးခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများကို ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ပေးမှုကိုကြည့်လျှင် ၁၉၈၈ခုနှစ်က လေယာဉ်ကွင်း ၂၁ကွင်းသာ ရှိခဲ့ရာမှ ယခုအခါ လေယာဉ်ကွင်း ၃၂ကွင်းအထိ တိုးတက်ပေါ်ထွန်းလာခဲ့သည်။ ယခင်က ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ် ဆင်းသက်နိုင်သော လေယာဉ်ကွင်း ခုနစ်ကွင်းသာ ရှိခဲ့ရာမှ ယခုအခါ ၂၆ကွင်းအထိ တိုးတက်ဖြစ်တည်လာခဲ့ပြီ ဖြစ်သည်။

ကျိုင်းတုံဒေသ၏ ထွက်ပေါက်အဖြစ် တောင်ကြီး-နမ့်စန်-ကျိုင်းတုံကားလမ်းအပြင် ရထားလမ်းသစ်များ ထပ်မံဖော်ထုတ်နေသကဲ့သို့ ယခုအခါ ကျိုင်းတုံလေဆိပ်၏ လေယာဉ်ပြေးလမ်းကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့ပေသည်။ ကျိုင်းတုံလေယာဉ်ပြေးလမ်းသည် ယခုအခါ အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀၊ ၁၈လက်မအထူ ကျောက်ကတ္တရာအဆင့်အထိ တိုးချဲ့ပြီးဖြစ်၍ ခရီးသည် ၈၅ဦးအထိ စီးနင်းနိုင်သည့် ပိုမို လျင်မြန်သော အက်ဖ်-၂၈ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည်ဖြစ်သည်။

ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ အဓိကကျသော မြို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ အရှေ့ဒေသ၌ အချက်အချာကျသော လေဆိပ်မြို့ ဖြစ်၍ နိုင်ငံတော်အစိုးရသည် ကျိုင်းတုံလေဆိပ် ဖွံ့ဖြိုးတိုးတက်လာစေရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့သည့် ကျိုင်းတုံလေဆိပ်အပါအဝင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများသည် ဒေသခံပြည်သူများ၏ခွန်အားဖြင့် ရင်းနှီးတည်ဆောက်ခဲ့သော အခြေခံအုတ်မြစ်များဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်မှု မှသည် ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသားပြည်သူများက အသိစိတ်ဓာတ်ရှိရှိ ပါဝင်လက်တွဲ ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ရတနသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၀၀ **နိဗ္ဗာန်ဘယ်မှာရှိသလဲ** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)
၇:၀၀ **ရတနာသိုက်ရှာပုံတော်** (အပိုင်း-၁၇)
၇:၃၀ TOM & JERRY
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ အနုပညာမိုးကောင်းကင်
၉:၁၀ **မီးမီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၉:၂၅ Art Vision (7th multicolour rain drops)
၉:၄၀ ရွှေဖြူပုဟုခေါ်သည် (အပိုင်း-၂)
၁၀:၀၅ အလှဆင်စရာ ပရိဘောဂကမ္ဘာ (ရွှေမှီပရိဘောဂ)
၁၀:၂၀ ဦးနှောက်အကျိတ်ရောဂါအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာအောင်ကျော်၊ ပါမောက္ခဒေါက်တာမြင့်သိန်း၊ ပါမောက္ခ ဒေါက်တာကျော်စွာအောင်)
၁၀:၅၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ရသာထူးခြား မလေးရှား အစားအစာများ)
၁၁:၁၅ ခေတ်မီတိုးတက်တီထွင်ချက် ရေမော်တာ အလိုအလျောက် ထိန်းချုပ်စက်
၁၁:၄၀ တေးဂီတအစီအစဉ်
၁၂:၀၀ Celebrity Style (နဝရတ်နှင့်တွေ့ဆုံခြင်း)
၁၂:၃၅ တို့ကမ္ဘာမြေ သာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၁:၀၀ **နိဗ္ဗာန်ဘယ်မှာရှိသလဲ** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)
၁:၅၅ အရိုးကို အရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
၂:၁၅ နိုင်ငံတကာအနုပညာရေးရာ
၂:၄၀ ရေပျော်ငှက်တို့ အားထားရာအမှန် ရေကြောင်းပညာသိပ္ပံ
၃:၁၅ တေးဂီတအစီအစဉ်
၃:၃၅ MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာဇာနည်းဦး(အိမ်မဲ)နှင့် တွေ့ဆုံခြင်း]
၄:၀၀ အဖိုးတန်အရည်အသွေးများနှင့် ယှဉ်လျက်
၄:၂၀ Movie Mistakes (Mr and Mrs Smith)
၄:၃၅ တူညီဆင်နွဲ့ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ
၄:၅၅ တို့ကမ္ဘာမြေ သာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၅:၁၀ ကလေးတို့သိသင့်တဲ့ သွားများ အကြောင်းနှင့် သွားကျန်းမာရေး
၅:၂၅ အနုပညာမိုးကောင်းကင်
၅:၅၀ ဘိုင်းဒါးတံတား
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ Celebrity Style (နဝရတ်နှင့်တွေ့ဆုံခြင်း)
၆:၅၀ နိုင်ငံတကာအနုပညာရေးရာ
၇:၁၅ လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
၇:၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေမှီပရိဘောဂ)
၈:၀၀ MRTV-4 သတင်း
၈:၁၅ Art Vision (7th multicolour rain drops)
၈:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောကျဉ်း ရောဂါ အတွက် ECP ကုထုံးနည်းပညာ)
၉:၀၅ Movie Mistakes (Mr and Mrs Smith)
၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၇)
၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၂:၀၀ MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာဇာနည်းဦး(အိမ်မဲ)နှင့် တွေ့ဆုံခြင်း]
၁၂:၂၅ ရောင်စုံရသ နီယွန်ည
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၄) ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Newcastle - Portsmouth	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၂၇-၄-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၄၀ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** အပိုင်း(၄၄)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town.
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** အပိုင်း (၄၇)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၄ရက်နှင့် ၂၅ရက်များတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ တိုင်း ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အောင်မြင်ရေး

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်နှင့် လုပ်ငန်းများကို အောက်ခြေအဆင့်ထိ သိရှိနားလည် လိုက်နာဆောင်ရွက်စေရေးအတွက် ရှင်းလင်းချပြ ဆောင်ရွက်ရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

အကောင်အထည်ဖော်

ထို့နောက် ပြည်နယ်၊ တိုင်း ဦးစီးဌာနမှူးများက ပြည်နယ်နှင့်တိုင်းအလိုက် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

လုပ်ငန်းများ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနအလိုက် လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်မြင်တိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးကော်မတီက ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲကို ဧပြီ ၂၄ရက်က အဆင့်မြင့် သီရိမင်္ဂလာဈေးကြီး အပေါ်ထပ် ဈေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားစဉ်။ (၁၆၄)

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၆

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အမှတ်(၆၊ ၁၂နှင့် ၁၀၈)ရပ်ကွက်များသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးကျော်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုးဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ကာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်နိုင်ခြေရှိသည့် လမ်းအလိုက်၊ အိမ်ခြေ အိမ်ထောင်စုအလိုက် သန့်ရှင်းသော သောက်သုံးရေရရှိသုံးစွဲမှု၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှု၊ လမ်းဘေးဈေးဆိုင်များ သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချရေးတို့ကို စစ်ဆေးကြပ်မတ်ပြီး ပညာပေးဆွေးနွေးကြသည်။

ထို့နောက် ဧပြီ ၂၅ရက် နံနက် ၈နာရီက အမှတ်(၁၂)ရပ်ကွက် ဓမ္မာရုံ၌ကျင်းပသော ကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဌေးကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်စိုးဝင်းက ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်မကော်ကျေးရွာရှိ သုတရိပ်မွန်စာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✱ *ရွှေဖုံးမှ*

ယင်းနောက် စင်မကော်အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဆောင်ရှေ့၌ ကျင်းပရာ တိုင်းမှူး၊ ခရိုင် ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စင်မကော်-တံတား ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲနှင့် စင်မကော်အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက စင်မကော်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ရပ်မိရပ်ဖတစ်ဦးက ဖွင့်ပွဲ အထိမ်းအမှတ် အလှူများ ပေးအပ်သည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တံတားမြို့ အုပ်ချုပ်ရေးမှူးက လက်ထောက်မြို့နယ် ပညာရေးမှူးထံပေးအပ်ပြီး တိုင်းမှူးက သုတရိပ်မွန် စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က ကျေးရွာများအတွက် ဘိုင်အိုဘက်ထရီနှင့် မီးသီးများကို တာဝန်ရှိသူများထံပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကျေးရွာသောက်သုံးရေကန် ပြုပြင်ထားမှုနှင့် သုတရိပ်မွန် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စာအုပ်၊ စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့သည် ကျေးလက်ဆေးပေးခန်း၊ ကျေးလက်ဆေးပေးခန်း ဝန်ထမ်းအိမ်ရာနှင့် မော်ဝန်းချောင်း ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း အနှစ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ အနှစ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပရာ သဘာပတိ ဦးခင်မောင်သွင် (AFP) က အဖွင့်အမှာစကားပြောကြားပြီး နှစ်ပတ်လည် အစီရင်ခံစာကို အသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ (Mainichi) က တင်ပြ၍ ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးသစ္စာလှထွေး (TBS) က တင်ပြရာ အသင်းက အတည်ပြုသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် ၂၀၀၉-၂၀၁၀ခုနှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယကအဖြစ် ဦးလှထွေး (Nihon Keizai Shimbun)၊ ဥက္ကဋ္ဌအဖြစ် ဦးစဝ်ကိုင်ဖ (Mainichi)၊ဒုတိယဥက္ကဋ္ဌအဖြစ် Mr.Zhang Yunfei (Xinhua)၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး (TBS)၊ တွဲဖက်အတွင်းရေးမှူး ဦးမြတ်သူရ(Kyodo News)၊ ဘဏ္ဍာရေးမှူး ဦးဟန်ထွေးအောင်(TV Asahi)နှင့် စာရင်းစစ် ဦးမင်းဇော် (Tokyo Shimbun)တို့အား ရွေးချယ်တင်မြှောက်ကြသည်။ ထို့နောက် နာယက ဦးလှထွေးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ အထူးဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ ဂုဏ်ထူးဆောင်အသင်းဝင်များဖြစ်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Yasuaki Nogawa၊ ဦးသိန်းထွန်း(ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ)နှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်း၏ အနှစ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း တောင်အာဖရိကနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၀၉ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာနိုစဇာနဒလာမီနီဇူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဧပြီ ၂၆

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေနှင့် ကော်မတီဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း၊ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်မောင်းနှင်ခြင်း ရှိ/မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်း ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) ဖြစ်ပေါ်ပြီး မီးလောင်မှုများဖြစ်ပွားစေနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

❐ *ကျောဖုံးမှ*

ချက်ပြုတ်

ထိုဒေသအတွင်း၌ လူဦးရေ ၅၈၆၉ဦး နေထိုင်သည့်အနက် ၉၂ ဒသမ ၅ ရာခိုင်နှုန်းက ထင်းမီးကို အားကိုးနေကြသည်။ ထို့ကြောင့် သစ်တော ပြုန်းတီးရခြင်းဖြစ်သည်။ ထို့အပြင် နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် ၂၇၀၀၀ နှင့် ခရီးလမ်းညွှန်၊ အထမ်းသမားတို့က ဤဒေသသို့ ရောက်ရှိလာကြပြီး ထင်းဖြင့်ချက်ပြုတ်စားသောက်ခြင်းဖြင့် ပိုမိုအရသာရှိသည်ဟူသော အစွဲအလမ်းကြောင့် သစ်တောပြုန်းတီးရန် ပိုမို တွန်းပို့ပေးသကဲ့သို့ရှိကြောင်း တွေ့ရသည်ဟုဆို၏။

(အမ်အင်န်အေ/ဆင်ဟွာ)



ယာဉ်စီးခ ပိုမိုကောက်ခံခြင်း ရှိ/မရှိ မော်လမြိုင်မြို့တွင် စစ်ဆေး

ရန်ကုန် ဧပြီ ၂၆

မွန်ပြည်နယ် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက နှစ်သစ်ကူးပွဲတော် ရုံးပိတ်ရက်အတွင်း ခရီးသွားပြည်သူများ သွားလာမှု များပြားခြင်းအပေါ် အဝေးပြေး မှန်လုံမော်တော်ယာဉ်များက ယာဉ်စီးခ ပိုမိုတောင်းခံရယူခြင်းမပြုရန် အသိပေး ညွှန်ကြားထားချက်အတိုင်း ဧပြီ၁၁ရက်မှ ၂၁ရက်အထိ မော်လမြိုင်မြို့ လိုင်းအဝေးပြေး ယာဉ်ရပ်နားစခန်းဝင်း၌ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ထွက်ခွာကြသော မှန်လုံမော်တော်ယာဉ်များအား မွန်ပြည်နယ် မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ် ဦးဆောင်သော ဌာနခွဲမှူးများနှင့် စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများက ရာဇာမင်း၊ ရောင်နီထွန်း၊ ချမ်းမြေ့ကြွယ်၊ ပစ်တိုင်းထောင်၊ ရွှေနဒီ၊ သန်မြန်သူ၊ ယူနီဗာဆယ်၊ ရွှေစင်စကြာ၊ ရိုးရိုးလေး၊ မိဟာရ၊ နန်းထိုက်စံ ၊ ဥဿာ၊ အောင်စိုးမိုးနှင့် ရဲမာန်ဟိန်းယာဉ်လိုင်းများမှ ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်များပေါ်သို့ တက်ရောက်ကြပြီး စီးနင်း လိုက်ပါကြသည့် ခရီးသည်များအား ယာဉ်စီးခ ပိုမိုပေးဆောင်ရခြင်း ရှိ/မရှိ ရှောင်တခင် စစ်ဆေးမှုများကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဝက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိ မက္ကဆီကိုနိုင်ငံတွင် ၈ဦးသေဆုံး

မက္ကဆီကိုစီးတီး ဧပြီ ၂၆

မက္ကဆီကိုနိုင်ငံ၌ လူ၈ဦးသေဆုံးစေသည့် ဝက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိပြီး အမေရိကန်နိုင်ငံနှင့်တကွ တစ်ကမ္ဘာလုံးသို့ ရောဂါကူးစက်ပျံ့နှံ့သွားမည်ကို စိုးရိမ်လျက်ရှိသည့်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သေဆုံး

ဝက်တုပ်ကွေးကြောင့်သေဆုံးကြောင်း အတည်ပြုပြီးသူ၂၀အပါအဝင် ဧပြီ၁၃ရက်နောက်ပိုင်း မက္ကဆီကိုနိုင်ငံ၌ ထိုရောဂါဖြင့်သေဆုံးသူ၈၁ဦး ရှိသွားပြီဟု မက္ကဆီကို ကျန်းမာရေးဝန်ကြီး ပရိဆေးအိန်ဂျယ်ကော်ဒိုဗာက ပြောကြားသည်။

လုပ်ပိုင်ခွင့်

စောစောပိုင်းကလည်း ဝက်တုပ်ကွေးရောဂါ တားဆီးတိုက်ဖျက်ရေးအတွက် မက္ကဆီကိုအစိုးရအဖွဲ့အား လုပ်ပိုင်ခွင့်များပိုမိုပေးသည့်အမိန့်တစ်ရပ်ကို မက္ကဆီကိုသမ္မတ ဖာကစ်ကာဒယ်ရွန်က ထုတ်ပြန်လိုက်သည်။

ဖြစ်ပွားသူဦးရေ

မက္ကဆီကိုနိုင်ငံ၌ လွန်ခဲ့သည့်၂၄နာရီအတွင်းတွင် ထိုရောဂါဖြစ်ပွားသူ ၁၃ဦးရှိသဖြင့် စုစုပေါင်း ဝေဒနာရှင်၁၃၂၄ဦး ရှိသည်ဟုလည်း ကျန်းမာရေးဝန်ကြီး ကော်ဒိုဗာက ပြောဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏အဆိုအရ ဤဝက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးသစ်ကို အိတ်ချ်ဝမ်းအင်န်ဝမ်းဟု သတ်မှတ်ပေးလိုက်ကာ ယင်းမှာ ဝက်၊ လူနှင့် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်များ ပေါင်းစည်းသွားခြင်း ဖြစ်သည်ဟု ဆိုသည်။

ကျောင်းများပိတ်ထား

မက္ကဆီကိုစီးတီးနှင့် အနီးအနားပြည်နယ်တို့တွင် မေ၆ရက်အထိ စာသင်ကျောင်းများပိတ်ထားသည်။ မက္ကဆီကိုမြို့သူမြို့သားများအား မက္ကဆီကိုစစ်ဘက်က နှာခေါင်းစည်း ခြောက်သန်း ဝေငှပေးခဲ့သည်။

နှိုးဆော်

အမေရိကန်နိုင်ငံ ကင်းဆပ်ပြည်နယ်၌ ထိုရောဂါဖြစ်ပွားသူ နှစ်ဦးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောဆိုသည်။ အမေရိကန်နိုင်ငံတဝန်း၌ အနည်းဆုံး ၁၀ဦးခန့်ရှိမည်ဟုဆိုသည်။ ဤရောဂါနှင့်စပ်လျဉ်း၍ ပြည်သူတို့ သတိရှိကြရန် အာရှတိုက် ကျန်းမာရေးတာဝန်ရှိသူများက နှိုးဆော်လိုက်သည်။

(အင်တာနက်/ဆင်ဟွာ)

မိုး သတိပြု

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၆-၄-၂၀၀၉

သံတွဲ	၀ ဒသမ ၆၇ လက်မ
ကျော့သောင်း	၀ ဒသမ ၃၆ လက်မ

ရုရှား-အမေရိကန် နျူလက်နက်လျှော့ချရေး စေ့စပ်သူများ ထပ်မံတွေ့ဆုံဆွေးနွေး

ရောမ ဧပြီ ၂၆

အမေရိကန်နှင့် ရုရှားစေ့စပ်ရေးသမားများသည် နှစ်ဖက်ဆက်ဆံရေး ပြန်လည်အားဖြည့်ရန် ပထမဆုံးအကြိမ်အဖြစ် ရောမမြို့၌ ဧပြီ၂၄ရက်ကတွေ့ဆုံပြီး နျူကလီးယားလက်နက်များလျှော့ချရေး ထပ်မံဆွေးနွေးကြသည်။

အားရကျေနပ်

မဟာဗျူဟာ လက်နက်လျှော့ချရေးစာချုပ် သို့မဟုတ် ဆော့-၁စာချုပ်မှာ ဒီဇင်ဘာသက်တမ်းမကုန်မီ စာချုပ်သစ်ဖြင့် အစားထိုးရန် ဦးတည်လျက် နှစ်ဖက်စေ့စပ်ရေးသမားများ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲရလဒ်များအပေါ် အားရကျေနပ်ကြောင်း နှစ်ဖက်စလုံးက ထုတ်ဖော်ကြေညာသည်။

ဆော့-၁စာချုပ်ကို အမေရိကန်နှင့် ယခင်ဆိုဗီယက်ပြည်ထောင်စုတို့ ၁၉၉၁ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးပြီး ၁၉၉၄ခုနှစ် ဒီဇင်ဘာလ၌ စတင် အသက်ဝင်သည်။

လက်မှတ်ရေးထိုး

အမေရိကန်နှင့် ရုရှားတို့သည် ဆော့-၂စာချုပ်ကို ၁၉၉၃ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့သည်။ ဆော့-၂ကို အတည်ပြုပြီးသော်လည်း အသက်ဝင် အာဏာတည်စေခြင်းမရှိပေ။ ဆော့-၁ စာချုပ်သက်တမ်းမှာ ၂၀၀၉ခုနှစ် ဒီဇင်ဘာ၅ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ အသေခံကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိသူ အရပ်သားတစ်ဦးဆေးကုသမှုခံယူနေသည်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဟစ်တလာ၏ လက်ရာမြောက်ပန်းချီကားများ လေလံတင်ရောင်းချငွေ ဒေါ်လာ ၁၄၃၀၀၀ရရှိ

လန်ဒန် ဧပြီ ၂၆

ဗြိတိန်နိုင်ငံမှ လေလံတင်ပွဲတစ်ခုတွင် အဒေါ့ဖ်ဟစ်တလာ ငယ်စဉ်ကရေးဆွဲခဲ့သည့် ပန်းချီကားများကို ရောင်းချရာတွင် (အမေရိကန်ဒေါ်လာ ၁၄၃၀၀၀) နီးပါးရရှိလိုက်သည်။ ရောင်းချရရှိငွေမှာ မူလခန့်မှန်းထားသည်ထက် များစွာပိုသည်ဟု ဆိုသည်။

လေလံတင်ရောင်းချရသည့် ဟစ်တလာ၏ ပန်းချီကားများ အနက် ကျောက်တံတားဝတွင်ထိုင်က ငေးမောနေသူတစ်ဦး၏ ရေဆေးပန်းချီကားချပ်ကို ပေါင်စတာလင် ၁၀၀၀၀အထိပေးကာ လေလံဆွဲဝယ်ယူသွားကြောင်းသိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဟစ်ဇ်ဘိုလာအဖွဲ့ကို အားပေးမှု ထောင်ဒဏ်ငါးနှစ်ခွဲ ပြစ်ဒဏ်ချခံရ

နယူးယောက် ဧပြီ ၂၆

ဟစ်ဇ်ဘိုလာရုပ်မြင်သံကြားအယ်မာနာအစီအစဉ်ကို ထုတ်လွှင့်ကာ အမေရိကန်၌ စီးပွားရှာသည့် နယူးယောက်မြို့မှ ပါကစ္စတန်အမျိုးသားတစ်ဦးအား ဧပြီ ၂၃ ရက်က ထောင်ဒဏ်ငါးနှစ်ခွဲ ပြစ်ဒဏ်ချမှတ်လိုက်သည်။

အမေရိကန်အစိုးရရှေ့နေများက တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခံရသူမှာ အသက်၄၅နှစ်ရှိ ယာဗက်အစ်ဘဲဆိုသူ ပါကစ္စတန်အမျိုးသား တစ်ဦးဖြစ်သည်။ သူသည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်လာခဲ့သည်မှာ ၂၆ နှစ်ကျော်ရှိပြီ ဖြစ်သည်။ ဟစ်ဇ်ဘိုလာအဖွဲ့ကို အမေရိကန်က အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဗျူနို့အေရိစ် လေကြောင်းဆိုင်ရာစာအုပ်ပြပွဲ

ဗျူနို့အေရိစ် ဧပြီ ၂၆

အာဂျင်တီးနားနိုင်ငံ ဗျူနို့အေရိစ်မြို့၌ (၃၅)ကြိမ်မြောက် ဗျူနို့လေကြောင်း အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ လေကြောင်းစာအုပ်ပြပွဲကျင်းပရာ ၄၂နိုင်ငံမှ လေကြောင်းဆိုင်ရာစာအုပ်များ ပါဝင်ပြသထားပြီး လာရောက်ဝယ်ယူကြည့်ရှုသူများအား ဧပြီ ၂၄ ရက်က အထက်ပါအတိုင်း တွေ့ရသည်။ **(အင်တာနက်ဓာတ်ပုံ)**

မက္ကဆီကိုစီးတီးမှ တိဗက်ပန်းချီပြပွဲ

မက္ကဆီကိုစီးတီး ဧပြီ ၂၆



မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့၌ ကျင်းပသည့် တိဗက်ပန်းချီပြပွဲတစ်ရပ်ကို ဧပြီ ၂၄ရက်က ဤသို့ တွေ့ရသည်။ **(အင်တာနက်ဓာတ်ပုံ)**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်ရှိ ဟေလုံမြစ်အတွင်း၌ ရေခဲများဖုံးလွှမ်းနေမှုကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။ (၎င်းမြစ်သည်တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းနှင့် ရုရှားနိုင်ငံ နယ်စပ်ဒေသအကြားတွင်တည်ရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဆိုမာလီနိုင်ငံ လုံခြုံရေးတိုးမြှင့်ရန် နိုင်ငံတကာအလှူရှင်များအား ဝိုင်းဝန်းကူညီရန်တိုက်တွန်း

ဘရပ်ဆဲလ် ဧပြီ ၂၆

ဆိုမာလီနိုင်ငံ၌ နှစ်ပေါင်း၂၀ မင်းမဲ့စရိုက်ဖြစ်ပွားပြီးနောက် တရားဥပဒေစိုးမိုးရေးနှင့် ပင်လယ်ဓားပြ ချေမှုန်းသုတ်သင်ရေးကို အကူအညီပေးရန် ရန်ပုံငွေများ ပိုမိုထည့်ဝင်ကြပါရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နိုင်ငံတကာ အလှူရှင်များအား ဧပြီ၂၄ရက်က တိုက်တွန်းလိုက်သည်။

အဆုံးသတ်

ဆိုမာလီအစိုးရသစ်အနေဖြင့် လုံခြုံရေးတိုးမြှင့်ချထားရေးနှင့် ပင်လယ်ဓားပြသောင်းကျန်းမှု အဆုံးသတ်စေရေး ကူညီရန် ဘရပ်ဆဲလ်၌ ညီလာခံမကျင်းပမီကလေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အလှူရှင်နိုင်ငံများအား ယင်းသို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ လုံခြုံရေးတိုးမြှင့်ရန် လာမည့်နှစ်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း၂၅၀ကျော် လိုအပ်မည်ဟုဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဒုတိယကမ္ဘာစစ်ကာလမှ ဗုံးကြဲလေယာဉ်တစ်စင်း မီချီဂန်ရေအိုင်၌တွေ့ရှိပြီး ဆယ်ယူရရှိခဲ့

ချီကာဂို ဧပြီ ၂၆

ဒုတိယကမ္ဘာစစ်ကာလမှ ရေတပ်ဗုံးကြဲလေယာဉ်တစ်စင်းသည် ချီကာဂိုမြို့၏ မြောက်ဘက်ကီလိုမီတာ ၆၀အကွာရှိ ဝေါ့ကီဂန်ကမ်းလွန်တစ်နေရာတွင် ပျက်ကျပြီးသည့်နောက် ၆၅နှစ်အကြာတွင် မီချီဂန်ရေအိုင်၏ မြေပြင်ပေါ်မှ ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ယင်းဗုံးကြဲလေယာဉ်၏ လေယာဉ်မှူး အသက်မသေ ကျန်ရှိခဲ့သည်ဟု သိရှိရသည်။ သို့ရာတွင် လေယာဉ်ပေါ်တွင် သတ်သတ်မှတ်မှတ် ဖော်ပြထားသည့် အမှတ်အသားများ မပါရှိသဖြင့် မည်သည့်လေယာဉ်ဟု သဲကွဲစွာ မသိရှိရသေးပေ။

ဆယ်ယူခဲ့

ယင်းဗုံးကြဲလေယာဉ်ကို အီလီနွိုက်ဒေသရှိ ရေကြောင်းဆယ်ယူရေး ကုမ္ပဏီက ရေတပ်လေကြောင်းပြတိုက်ဌာနနှင့်ပူးပေါင်းကာ ဆယ်ယူရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။ ယင်းဆယ်ယူရေးအဖွဲ့မှ ဝန်ထမ်းများက အသံလှိုင်းသုံးရှာဖွေရေးကိရိယာအသုံးပြုခဲ့ရာမှ တွေ့ရှိဆယ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်သည် ဒုတိယကမ္ဘာစစ်အတွင်း လေ့ကျင့်ရေးမစ်ရှင် တာဝန်ထမ်းဆောင်ရင်း ပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး နီပေါမှစီမံကိန်းချမှတ်ဆောင်ရွက်

ခတ္တမန္ဒူ ဧပြီ ၂၆

နီပေါနိုင်ငံ၌ ပျံ့နှံ့လာသော အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကူးစက်မှုကို ဟန့်တားရေးအတွက် အိတ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး သုံးနှစ်စီမံကိန်းတစ်ရပ်ကို နီပေါအစိုးရက ဧပြီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆေးဝါးကုသ

စီမံကိန်းအရ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ ပြည့်တန်ဆာလုပ်ငန်းတွင် လုပ်ကိုင်သူနှင့် ပတ်သက်သူများအား ဆေးဝါးကုသ ထိန်းသိမ်းပေးမည်ဖြစ်သည်။ စီမံကိန်း ဘတ်ဂျက်အသုံးစရိတ်လျာထားငွေမှာ အမေရိကန်ဒေါ်လာ ၁၂၈ သန်း ဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးကြောင့် ဗီယက်နမ်အမျိုးသမီးတစ်ဦးသေဆုံးခဲ့

ဟနွိုင်း ဧပြီ ၂၆

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ အသက် ၂၃နှစ်အရွယ် အမျိုးသမီးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားကြောင်း ဗီယက်နမ်အစိုးရအသံလွှင့်ဌာနက ဧပြီ၂၄ ရက်တွင် ကြေညာသည်။ အဆိုပါအမျိုးသမီးမှာ သန်ဟွာပြည် နယ်၌ ယခုလဆန်းပိုင်းက ဖျားနာသေဆုံးသွားခြင်းဖြစ်သည်။ စမ်းသပ်တွေ့ရှိချက်အရ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခြင်းဖြစ်ကြောင်းသိရသည်။၎င်းမှာ ယခုနှစ်အတွင်း ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေး ရောဂါဖြင့် သေဆုံးသည့် စတုတ္ထမြောက် သေဆုံးသူဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အယ်ဘေးနီးယား သမ္မတနိုင်ငံအကြောင်းတစေ့တစောင်း

သတင်းအက်ဆေး

အယ်ဘေးနီးယားသမ္မတနိုင်ငံသည် ဥရောပတိုက်၏ အရှေ့တောင်ဘက်အေဒရီယက်တစ် ပင်လယ်ကမ်းခြေ၏ အရှေ့တောင်ပိုင်း၌ တည်ရှိသည်။ ကျောက်ဆောင်ကျောက်ကမ်းပါး ပေါများသည်။ တောင်များရှည်လျားသည့် အေဒရီယက်တစ် ပင်လယ်ကမ်းခြေတို့ ပါဝင်သည်။ ရှုခင်းများနှင့်အတူ ဤနိုင်ငံမှာ ကြွယ်ဝသောဘာသာရေးနှင့် ယဉ်ကျေးမှုများ ဆုံစည်းစုဝေးရာ နေရာဖြစ်သည်။ အယ်ဘေးနီးယားပြည်သူတို့၏ ဇာတိဇာစ်မြစ်ကို အချို့သောလူ့ဂုဏ်ဆန်းကြွယ်မှုတို့က ပိတ်ထား ကာဆီးထားသည်။ ထို့ပြင် သူတို့ဘာသာစကားမှာ တစ်မူထူးခြားနေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကွန်မြူနစ်ခေါင်းဆောင် အင်ဗာဟောက်ဇာ၏ လက်ထက်တွင် စတာလင်ဝါဒကို ကိုင်စွဲသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ၁၉၉၀ပြည့်နှစ်နှောက်ပိုင်း ဒီမိုကရေစီအသွင်ကူးပြောင်းမှု ပြုလုပ်သည်အထိ အယ်ဘေးနီးယားနိုင်ငံမှာ ပြင်ပကမ္ဘာနှင့်များစွာ မဆက်ဆံဘဲ ဇာကေစာရီအကျင့်ကို ကျင့်သုံးခဲ့သည်။

တွန်းလှန်

နိုင်ငံ့သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၃၉ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး မစတင်မီလေးတွင် အယ်ဘေးနီးယားနိုင်ငံကို အီတလီက ကျူးကျော်ဝင်ရောက်သည်။ အယ်ဘေးနီးယား ဘုရင်ဇော့မှာ ဂရိနိုင်ငံသို့ ထွက်ပြေးရသည်။ နောက်တစ်နှစ်တွင် အီတလီသည် အယ်ဘေးနီယားကိုဖြတ်ပြီး ဂရိနိုင်ငံကိုတိုက်သည်။ ၁၉၄၁ခုနှစ်အတွင်း အင်ဗာဟောက်ဇာသည် အယ်ဘေးနီးယား ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ဖြစ်လာသည်။ ၁၉၄၃ခုနှစ်တွင် ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်သည်။ အီတလီတို့ လက်နက်ချပြီးနောက် ဂျာမန်တို့က အယ်ဘေးနီးယားကို သိမ်းပိုက်သည်။ ၁၉၄၄ခုနှစ်တွင် ကွန်မြူနစ်များ တွန်းလှန်သဖြင့် ဂျာမန်တပ်များ ရုပ်သိမ်းသွားခဲ့ရသည်။

မဟာမိတ်ဖွဲ့

၁၉၄၆ခုနှစ်တွင် အင်ဗာဟောက်ဇာက ကွန်မြူနစ်မဟုတ်သူများကို အစိုးရရာထူးများမှ ဖယ်ရှားသည်။ ၁၉၄၈ခုနှစ်တွင် အယ်ဘေးနီးယားနိုင်ငံက ယူဂိုဆလားဗီးယားနိုင်ငံနှင့် ဆက်သွယ်မှုဖြတ်တောက်လိုက်သည်။ ဆိုဗီယက်ပြည်ထောင်စုက အယ်ဘေးနီးယားသို့ စီးပွားရေးအကူအညီများ စတင်ပေးသည်။ ၁၉၅၅ ခုနှစ်တွင် အယ်ဘေးနီးယားနိုင်ငံသည် ဝါဆောစာချုပ်အဖွဲ့ကို စတင်ထူထောင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ၁၉၆၁ ခုနှစ်တွင် တရုတ်ပြည်နှင့် မဟာမိတ်ဖွဲ့သည်။

၁၉၆၈ခုနှစ်တွင် ဝါဆောစာချုပ်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သည်။ ၁၉၈၅ခုနှစ်တွင် အယ်ဘေးနီးယား ကွန်မြူနစ်ခေါင်းဆောင် ဟောက်ဇာကွယ်လွန်သည်။ ရာမစ်အေလီယာက ရာထူးဆက်ခံသည်။

၁၉၈၉ ခုနှစ်တွင် အရှေ့ဥရောပ၌ ကွန်မြူနစ်အုပ်စိုးမှု ပြိုပျက်သည်။ ရာမစ်အေလီယာက စီးပွားရေးစနစ်ပြောင်းလဲမည့် အစီအစဉ်ချမှတ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီများကို လွတ်လွတ်လပ်လပ် ဖွဲ့စည်းခွင့်ပေးသည်။ အယ်ဘေးနီးယားလူမျိုးများကို ပြည်ပသို့ထွက်ခွာခွင့်ပေးသည်။ အနောက်အုပ်စုသံရုံးများမှတစ်ဆင့် ထောင်ပေါင်းများစွာသော ပြည်သူများထွက်ခွာကြသည်။ ထို့ပြင် ထောင်ပေါင်းများစွာတို့လည်း ဆိပ်ကမ်းရှိ သင်္ဘောများကိုသိမ်းကာ အီတလီနိုင်ငံသို့ တရားမဝင်ထွက်ခွာကြသည်။

ဤနိုင်ငံ၏ အရေးပါသော လယ်ယာကဏ္ဍမှာ ရှေးကျသော လယ်ယာသုံးကိရိယာများနှင့် နည်းပညာတို့ကြောင့် မှန်းသလောက် ခရီးမပေါက်ခဲ့၊ ယခုအခါ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်လျက်ရှိသည့်အပြင် နိုင်ငံတကာနယ်ပယ်၌ ဆက်ဆံရေး ပိုမိုဝင်ဆံ့လာသည့်အတွက် အယ်ဘေးနီးယားသမ္မတနိုင်ငံ၏ အနာဂတ်မှာ မျှော်လင့်ချက်များစွာရှိနေ။

ဝန်ကြီးချုပ်ဖြစ်လာ

၁၉၉၁ခုနှစ် ပါတီစုံရွေးကောက်ပွဲတွင် ပါလီမန်အမတ်နေရာ ၂၅၀ ရှိသည့်အနက် ကွန်မြူနစ်ပါတီနှင့် မဟာမိတ်ပါတီများက ၁၆၉နေရာ အနိုင်ရသည်။ အသစ်ဖွဲ့စည်းသည့် ဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၇၅နေရာ ရသည်။ နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။ ပထမဆုံးအတိုက်အခံ သတင်းစာကိုထုတ်ဝေသည်။ ရာမစ်အေလီယာသမ္မတအဖြစ် ပြန်အရွေးခံရသည်။ ဝန်ကြီးချုပ်ဖတော့နာနို ရာထူးမှထွက်သည်။ ဝီလ်ဆင်အာမက်တီ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

၁၉၉၂ခုနှစ် ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ အနိုင်ရသည်။ ပါတီခေါင်းဆောင် ဆာလီဘဲရီရှားမှာ ဤနိုင်ငံ၌ ပြည်သူကရွေးချယ်တင်မြှောက်သည့် ပထမဆုံးသမ္မတဖြစ်သည်။ အလက်ဇန္ဒားမက်ဆီက ဝန်ကြီးချုပ်တာဝန်ယူသည်။

နုတ်ထွက်

၁၉၉၃ခုနှစ်တွင် နာနိုနှင့်ရာမစ်အေလီယာအပါအဝင် ကွန်မြူနစ်ခေါင်းဆောင်ဟောင်းများအား အဂတိလိုက်စားမှုဖြင့်စွဲချက်တင်ကာ ထောင်ဒဏ်ချမှတ်သည်။ ၁၉၉၅ ခုနှစ်တွင် အယူခံရုံး၏ အဆုံးအဖြတ်ဖြင့် ရာမစ်အေလီယာ ထောင်မှလွတ်လာသည်။ ၁၉၉၇ခုနှစ်တွင် ဘုရင်စနစ်ပြန်လည်သွတ်သွင်းရေးကို ပြည်သူ့ဆန္ဒခံယူပွဲက ကန့်ကွက်လိုက်သည်။ အစိုးရအဖွဲ့နုတ်ထွက်ပြီး ဆိုရှယ်လစ်များဦးဆောင်သည့် ညွန့်ပေါင်းအစိုးရတက်လာသည်။ ဘဏ္ဍာရေးအကျပ်အတည်းပေါ်ပေါက်လာပြီး သမ္မတဆာလီဘဲရီရှား ရာထူးမှ နုတ်ထွက်သဖြင့် ဆိုရှယ်လစ်ခေါင်းဆောင် မက်ဒါနီသမ္မတဖြစ်လာသည်။

လုပ်ကြံခံရ

၁၉၉၈ခုနှစ်တွင် ကိုဆိုဗို၌ ဆူပူအုံကြွမှုကြီးထွားလာသဖြင့် ဒုက္ခသည်များ အလုံးအရင်းဖြင့် နယ်စပ်ကိုဖြတ်ကာ အယ်ဘေးနီးယားနိုင်ငံအတွင်း ဝင်ရောက်လာသည်။ ထိုနှစ်စက်တင်ဘာတွင် အတိုက်အခံတစ်ဦး လုပ်ကြံခံရပြီးနောက် ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ထွက်လာသည်။ ဝန်ကြီးချုပ်နာနို နုတ်ထွက်သည်။ ပန်ဒဲလီမေကို ဝန်ကြီးချုပ်ဖြစ်လာသည်။

၁၉၉၉ ခုနှစ်တွင် နေတိုးတပ်များက ယူဂိုဆလပ် စစ်ဘက်ပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်သည်။ ကိုဆိုဗိုသည် ဆာ့ဘ်တပ်များ၏တိုက်ခိုက်မှုမှ ထောင်ပေါင်းများစွာတို့ ထွက်ပြေးကြသည်။ ဒုက္ခသည်များ အစုလိုက်အပြုံလိုက် အယ်ဘေးနီးယားသို့ ထပ်မံရောက်ရှိလာကြသည်။ ထိုနှစ်အောက်တိုဘာလတွင် ဆိုရှယ်လစ်ပါတီအရေးနိမ့်ပြီး ဝန်ကြီးချုပ်ပန်ဒဲလီမေကို ရာထူးမှနုတ်ထွက်သည်။ အသက် ၃၀ရှိ အိုင်လာမတ်တာ ဝန်ကြီးချုပ်ဖြစ်လာသည်။ သို့သော်ဆိုရှယ်လစ်ပါတီတွင် အကွဲအပြဲကို မဖြေရှင်းနိုင်သဖြင့် ၂၀၀၂ခုနှစ် ဇန်နဝါရီလ၌ အိုင်လာမတ်တာ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ရပြန်သည်။ ထိုနှစ်ဖေဖော်ဝါရီလတွင် ပန်ဒဲလီမေကိုဝန်ကြီးချုပ်ဖြစ်လာပြန်သည်။

ရွေးချယ်တင်မြှောက်

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် လူနေမှုအဆင့်မြင့်အောင် ဆောင်ရွက်မပေးနိုင်သည့်အတွက် အတိုက်အခံတို့က ကန့်ကွက်ဆန္ဒပြပွဲများပြုလုပ်သည်။ နှစ်လကြာနိုင်ငံရေးအငြင်းအခုန်ဖြစ်ပြီးနောက် ၂၀၀၅ခုနှစ်ရွေးကောက်ပွဲတွင် သမ္မတဟောင်း ဆာလီဘဲရီရှား အောင်ပွဲခံသူအဖြစ် ပေါ်လာပြန်သည်။ ၂၀၀၇ခုနှစ်ရွေးကောက်ပွဲတွင် အာဏာရပါတီခေါင်းဆောင်ဘာရှားတိုပီအား သမ္မတအဖြစ် ပါလီမန်က ရွေးချယ်တင်မြှောက်သည်။

ဤနိုင်ငံ၏အရေးပါသော လယ်ယာကဏ္ဍမှာ ရှေးကျသော လယ်ယာသုံးကိရိယာများနှင့်နည်းပညာတို့ကြောင့် မှန်းသလောက်ခရီးမပေါက်ခဲ့ချေ။ ယခုအခါနိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်လျက်ရှိသည့်အပြင် နိုင်ငံတကာနယ်ပယ်၌ ဆက်ဆံရေးပိုမိုဝင်ဆံ့လာသည့်အတွက် အယ်ဘေးနီးယားသမ္မတနိုင်ငံ၏ အနာဂတ်မှာ မျှော်လင့်ချက်များစွာရှိနေပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်။

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

အီရတ်နိုင်ငံ ဘဂ္ဂဒက်၌ ၂၀၀၉ခုနှစ်လေးလအတွင်း ပြင်းထန်သော တိုက်ခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံတွင် ယခုနှစ် ပထမလေးလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ အဓိက ဖြစ်ပွားရာဒေသများအတွင်း၌ အောက်ပါအတိုင်း ထိခိုက်သေဆုံးခဲ့သည်-

ဇန်နဝါရီ ၂	- **ဘဂ္ဂဒက်မြို့ ယောဆီဖီယက်ချ်အရပ်ရှိ လူမျိုးစုခေါင်းဆောင်နေအိမ်၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၂၃ဦး သေဆုံးခဲ့သည်။**
ဇန်နဝါရီ ၄	- ဘဂ္ဂဒက်မြို့၌ အမျိုးသမီးတစ်ဦး အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ခရီးသည် ၃၈ဦး သေဆုံးခဲ့သည်။
ဖေဖော်ဝါရီ ၁၁	- **ဘဂ္ဂဒက်မြို့ရှိ ဘတ်စ်ကားဂိတ်နှင့်ဈေးတစ်ဈေးအတွင်း ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ၁၆ဦး သေဆုံးသည်။**
ဖေဖော်ဝါရီ ၁၃	- ဘဂ္ဂဒက်မြို့ မူဆေယစ်ဗ်အရပ်၌ လူစည်ကားရာနေရာတွင် အမျိုးသမီးတစ်ဦး အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူ၄၀ သေဆုံးခဲ့သည်။
မတ် ၅	- **ဘဂ္ဂဒက်မြို့ ဟီလ်လက်ချ်ဈေး၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၁၃ဦး သေဆုံးခဲ့ရသည်။**
မတ် ၈	- ဘဂ္ဂဒက်မြို့ ရဲတပ်ဖွဲ့သင်တန်းကျောင်း၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူ၃၀ သေဆုံးခဲ့သည်။
မတ် ၁၀	- **ဘဂ္ဂဒက်မြို့၌ လူမျိုးစုခေါင်းဆောင်အား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ၃၃ဦး သေဆုံးခဲ့သည်။**
မတ် ၂၃	- ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဂျာလူလာအရပ်ရှိ ဈာပနအခမ်းအနားတစ်ခု၌ အသေခံ ဗုံးဖောက်ခွဲမှုကြောင့် ၂၇ဦး သေဆုံးခဲ့သည်။
မတ် ၂၆	- **ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ရှီးယိုက်များနေထိုင်ရာဒေသရှိ ဈေးတစ်ဈေး၌ ကားဗုံးပေါက်ကွဲမှုကြောင့် လူ၂၀ သေဆုံးခဲ့သည်။** (အောက်ပုံ)

ဧပြီ ၆	- ဘဂ္ဂဒက်မြို့ နေရာအနှံ့၌ လေးနာရီအတွင်း ဗုံးပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားရာ ၃၇ဦး သေဆုံးခဲ့သည်။
ဧပြီ ၂၃	- **ဘဂ္ဂဒက်မြို့မြောက်ပိုင်း မူဒါဒီယာဒေသရှိ စားသောက်ဆိုင်တစ်ဆိုင်၌ အသေခံ ဗုံးဖောက်ခွဲမှုကြောင့် ၅၇ဦး သေဆုံးခဲ့သည်။**
ဧပြီ ၂၄	- ဘဂ္ဂဒက်မြို့၌ လူမှုဝန်ထမ်းလုပ်ငန်းများဆောင်ရွက်သည့် အီရတ်ပြည်သူများအား ပစ်မှတ်ထားကာ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၃၁ဦး သေဆုံးခဲ့သည်။
ဧပြီ ၂၅	- **ဘဂ္ဂဒက်မြို့ရှိ ရှီးယိုက်လူမျိုးများနေထိုင်ရာဒေသ၌ အသေခံ ဗုံးဖောက်ခွဲမှုကြောင့် ၆၆ဦး သေဆုံးခဲ့သည်။**

ကိုးကား-အင်တာနက်

ဘာ၀ဒသာန

■ *Constant practice often excels even talent.*

❒ ***အမြဲတမ်းပုံမှန်လေ့ကျင့်မှုသည် ပင်ကိုစွမ်းရည်ကိုပင် မကြာခဏ သာလွန်စေနိုင်သည်။*** *စစ်ဆီရို (အီတလီလူမျိုး အတွေးအခေါ်ပညာရှင်)*

ဇီဝသိပ္ပံ

လွန်ခဲ့သောနှစ်ပေါင်း ၁၀သန်းက ပင်လယ်ပျော်ငှက်ဦးခေါင်း ပီရူးတောင်ပိုင်း အိုင်ကာဒေသ၌ ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိ



လီမာ ဧပြီ ၂၆

ပီရူးနိုင်ငံတောင်ပိုင်း အိုင်ကာဒေသ၌ လွန်ခဲ့သောနှစ်ပေါင်း ၁၀သန်းက ပင်လယ်ပျော်ငှက်၏ဦးခေါင်း ကျောက်ဖြစ်ရုပ်ကြွင်းကို ပီရူးကျောက်ဖြစ်ရုပ်ကြွင်းလေ့လာရေးအဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ကျောက်ဖြစ်ရုပ်ကြွင်း

၎င်းပင်လယ်ပျော်ငှက်မျိုးနွယ်စု၏ တောင်ပံမှာ ၁၉ဒသမ ၇ပေရှိပြီး ပစိဖိတ်သမုဒ္ဒရာ၌ ငါးများကို အစာအဖြစ်စားသုံးကာ အသက်ရှင်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း ပီရူးနိုင်ငံ သဘာဝသမိုင်းပြတိုက်ရှိ ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနပညာရှင် မာရီအိုအာဘာနာက ပြောကြားသည်။

မျိုးသုဉ်းပျောက်ကွယ်ခဲ့

အဆိုပါ ပင်လယ်ပျော်ငှက်များသည် လွန်ခဲ့သောနှစ်သန်းပေါင်း ၅၀က ဦးစွာ ပေါ်ပေါက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှု အခြေအနေများကြောင့် လွန်ခဲ့သည့်နှစ် ၂ဒသမ ၅သန်းခန့်က မျိုးသုဉ်းပျောက်ကွယ်သွားခဲ့သည်။

ရှားပါးငှက်မျိုးစိတ်

ယင်းငှက်သည် ပီရူးကမ်းခြေ၌ သေဆုံးခဲ့ပြီး တွေ့ရှိရသည့် ပင်လယ်ပျော်ငှက် ဦးခေါင်းခွံမှာ ဦးခေါင်းအင်္ဂါအစိတ်အပိုင်း ပြည့်စုံစွာပါရှိပြီး ကမ္ဘာပေါ်၌ ရှားပါးသော ငှက်မျိုးစိတ်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ပြည်သူများအပေါ် စေတနာ၊ အနစ်နာ၊ ကရုဏာရှေ့ထားစောင့်ရှောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာမြင့်တက်အောင်ကြိုးစား

နေပြည်တော် ဧပြီ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် ရဲအရာရှိကြီးများ၊ ပြည်နယ်နှင့်တိုင်းရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုးစားဆောင်ရွက်

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာတွင် တရားဥပဒေနှင့်အညီ ပြည်သူများအပေါ်တွင် စေတနာ၊ အနစ်နာ၊ ကရုဏာတရားကိုရှေ့ထားပြီး စောင့်ရှောက်မှုများ ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများကို စေတနာထား ဆက်ဆံရန်လိုကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို မြင့်တက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ပြည်နယ်နှင့် တိုင်းရဲတပ်ဖွဲ့မှူးများ၊ တပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့မှူးများနှင့် ရဲလေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဌာနဆိုင်ရာနှင့်အဖွဲ့အစည်းများသို့ ဒလမြို့နယ်တွင် ကွန်ပျူတာများလှူဒါန်း

ရန်ကုန် ဧပြီ ၂၆

ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒလမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများသို့ ကွန်ပျူတာ ၁၂လုံး လှူဒါန်းခြင်း အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၁၁ နာရီက ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အလှူရှင် ဦးအောင်မျိုးခင်မိသားစုက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လဝက၊ မြို့နယ်ပညာရေးမှူးရုံး၊ အထကကျောင်း သုံးကျောင်း၊ အလကကျောင်း နှစ်ကျောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများသို့ ကွန်ပျူတာ များ လှူဒါန်းရာ **(အပေါ်ပုံ)** မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့ပြီး ဌာနဆိုင်ရာမှ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

အရဏ်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိုင်းယောင်း ဧပြီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဟိုရမ်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ပူးပေါင်း၍ ဟိုရမ်းကျေးရွာ 'အရဏ်ဦး' စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ၁ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရောလမွန်နှင့် ရပ်မိရပ်ဖ ဦးကြားဆေကောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌဦးဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရောလမွန်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြား၍ ဟိုရမ်းကျေးရွာသူကြီး ဦးရှဲန်နမ်ပဒီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက သုတ၊ ရသ၊ မဂ္ဂဇင်းနှင့် ဂျာနယ်စာအုပ်ပေါင်း ၂၀၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ကျေးလက်ပြည်သူ ၂၀၀ခန့် တက်ရောက်သည်။ **(မြို့နယ် ပြန်/ဆက်)**

မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၌ ဓမ္မပါရဂူကုသိုလ်ဖြစ်ဆေးခန်းဖွင့်

ရန်ကုန် ဧပြီ ၂၆

မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏ ရပ်ကွက် ကာယ(၁၂)လမ်း (မဒိုတံတား အနီး) အလျား ၁၆ ပေ၊ အနံ ၁၁ပေရှိ အုတ်ညှပ် ကွန်ကရစ်ခင်းတစ်ထပ် ဓမ္မပါရဂူ ကုသိုလ်ဖြစ်ဆေးခန်း အဆောက်အအုံကို မတည်အလှူရှင် ဦးဌေးလှိုင် (လသာ)၊ ဒေါက်တာထွန်းမင်း (ကမာရွတ်)**(အပေါ်ပုံ)** တို့က ဧပြီ ၂၅ရက် နံနက် ၉ နာရီက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ဆေးခန်းသည် ကျေးရွာ၊ ရပ်ကွက်နေ ရဟန်းရှင်လူ ပြည်သူအများ လွယ်လင့်တကူ ဆေးဝါးကုသခွင့်ရရှိစေရန် (စနေ၊ တနင်္လာ၊ ဗုဒ္ဓဟူး)နေ့များ၌ နံနက် ၈နာရီမှ ၁၀နာရီအထိ ဖွင့်လှစ်ထားရှိပြီး အလှည့်ကျ အထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်ပေးမည်ဖြစ်သည်။

လှူဒါန်းနိုင်

ထိုကုသိုလ်ဖြစ်ဆေးခန်း ရေရှည်တည်တံ့နိုင်ရေးအတွက်ဆေးပဒေသာပင် တစ်ပင်လျှင်ကျပ်တစ်သောင်းနှင့်ဆေးဝါးများ လှူဒါန်းလိုပါက ဦးဌေးလှိုင် (လသာ) ဖုန်း- ၀၉-၅၀-၀၂၅၆၉၊ ဒေါက်တာထွန်းမင်း (ကမာရွတ်)ဖုန်း-၀၉-၅၀-၁၀၃၀၄၊ဦးတင်မောင်အေး (တော်ဝင်အကျိုးဆောင်)ဖုန်း- ၀၉-၅၁-၄၀၁၀၅၊ ဦးသိန်းနိုင်(လှိုင်)ဖုန်း- ၀၉-၅၀-၄၀၂၆ နှင့် ဦးအောင်ကိုဦးဝမ်း (လှိုင်) ဖုန်း-၅၂၅၄၄၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၁)**

ဥတုရာသီ တောကိုမိုး၏

အသက်(၇၅)နှစ်အထက် အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲ သဃ်န်းကျွန်းတွင် ကျင်းပ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ရပ်ကွက်လုံးဆိုင်ရာ အသက်(၇၅)နှစ် အထက် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်)က ရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ ရှေးဦးစွာ ရပ်ကွက်ဥက္ကဋ္ဌဦးတိုးမြင့်က ပူဇော်ခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ အဘိုးအဘွားတစ်ဦးစီက သြဝါဒစကား ချီးမြှင့်ကြသည်။

လှူဒါန်း

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌ အဖွဲ့ဝင် ဦးမျိုးမင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် လုံးဆိုင်ရာ မိသားစု အလှူရှင်များက အဘိုးအဘွား ၉၅ဦးတို့အား လှူဒါန်းဖွယ် ရာ ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြ သည်။

(၁၂၁)

နည်းပညာသရုပ်ပြပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Golden Power Technology နှင့် Personal Computer Magazine တို့၏ပံ့ပိုးကူညီမှုတို့ဖြင့် မြန်မာနိုင်ငံ ဟာ့ဒ်ဝဲနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ခေတ်မီဟာ့ဒ်ဝဲများကို လက်တွေ့အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် Overclocking နည်းပညာကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်၍ Overclocking နည်းပညာသရုပ်ပြပြိုင်ပွဲကို မေ ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည့် ကွန်ပျူတာနည်းပညာပြပွဲတွင် ပါဝင်ကျင်းပမည်ဖြစ်သည်။

လက်တွေ့သရုပ်ပြနိုင်ရမည်

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် Overclocking နည်းပညာကို အဘယ်ကြောင့်အသုံးပြုရကြောင်း၊ မည်သည့်လုပ်ငန်းအတွက် ဦးတည်ချက်ဖြင့် လုပ်ဆောင်ကြောင်း၊ Overclocking နည်းပညာကို အသုံးချခြင်းကြောင့် လုပ်ငန်းအတွက် အကျိုးသက်ရောက်မှုမည်မျှရှိကြောင်း၊ အချိန်၊ ငွေ ကုန်ကျမှုမည်မျှ သက်သာနိုင်ကြောင်းတို့ကို လက်တွေ့ သရုပ်ပြနိုင်ရမည်ဖြစ်သည်။

အပြီးတင်ဆက်

နည်းပညာသရုပ်ပြပြိုင်ပွဲတွင် Presentation အပိုင်းနှင့် ဟာ့ဒ်ဝဲများ၏လုပ်ဆောင်နိုင်စွမ်းကို လက်တွေ့ပြသသည့် အပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားပြသရမည်ဖြစ်ပြီး Presentation တင်ပြရာတွင် တစ်ဦးတည်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့သော် Presentation ကို တစ်ဦးသာ ပြသရမည်ဖြစ်ပြီး အဖွဲ့လိုက်ဆိုရာတွင် သုံးဦး ထက် မကျော်စေရဘဲ ကန့်သတ်မှုမရှိပေ။ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး Presentation ပြသချိန်မှာ တစ်နာရီဖြစ်ကာ တစ်နာရီအတွင်းတင်ဆက်ပြသမှုနှင့် ဟာ့ဒ်ဝဲ လုပ်ဆောင်နိုင်မှုတို့ကို အပြီးတင်ဆက် ပြသရမည်ဖြစ်သည်။

ချီးမြှင့်မည်

ပြိုင်ပွဲဆုကြေးအဖြစ် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၇ရက်မှ စတင်ပြီး Golden Power Technology အမှတ်(၄) ၁၃ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ပြိုင်ပွဲဝင်လျှောက်လွှာများ ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၂၁၅၈၁၅၊ ၂၁၅၈၁၁ နှင့် ၂၂၆၆၆၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်ရွှေမြို့၌ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်

ညောင်ရွှေ ဧပြီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဧပြီ ၈ ရက်က အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုး ဦးဆောင်ကြီးကြပ်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများသည် မြို့မ ၈ရပ်ကွက်များရှိ စက်ရေတွင်းများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ဆောင်ရွက်ကြကြောင်း သိရသည်။ (၀၂၁)

ရေစကြို၌ ရတနာတန်းဝင်ကျွန်းပင်များ စိုက်ပျိုးမည်

ရေစကြို ဧပြီ ၂၆

မကွေးတိုင်း ရေစကြိုတစ်မြို့နယ်လုံးအတွက် တစ်အိမ်ထောင်စုလျှင် ရတနာတန်းဝင် ကျွန်းသုံးပင်နှုန်းဖြင့် ကျွန်းပင် ပေါင်း၁၅၀၅၇ပင်ကို မြို့နယ်သစ်တောဦးစီးဌာနက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုရယူကာ ရတနာတန်းဝင်ကျွန်းပင်များ လွှမ်းခြုံသွားအောင် စိုက်ပျိုးမည်ဖြစ်သည်။ ထို့အပြင် ယူကလစ်၊ ယင်းမာပင်များ၊ သစ်မာအမျိုးအနွယ် သစ်ပင် ၃၀၀၀ကို ပျိုးထောင်သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၆၉)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်နှင့်အတူ ဧပြီ ၁၃ရက် မွန်းလွဲ ၁နာရီက မိုင်းဆတ်ခရိုင်ဦးစီးဌာနမှူးရုံး၌ မိုင်းဆတ်ခရိုင်နှင့် မိုင်းဆတ်၊ မိုင်းတုံ၊ ပုံပါကျင်မြို့နယ်တို့မှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဧပြီ၁၄ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့သို့ ရောက်ရှိပြီး မြန်မာ-ထိုင်း ဝင်/ထွက် ဂိတ်တံတားအမှတ်(၁)**(အပေါ်ပုံ)**နှင့် (၂)တို့ကိုလည်းကောင်း၊ တာချီလိတ်မှ မိုင်းဆတ်၊ တာချီလိတ်မှမယ်ယမ်း၊တာချီလိတ်မှဝမ်ပုံ၊ ဝမ်ပုံ-လာအိုဝင်/ထွက်ဂိတ်များသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် တာချီလိတ်ခရိုင် ဦးစီးဌာနမှူးရုံး၌ တာချီလိတ်ခရိုင်နှင့် မြို့နယ်တို့မှ ဝန်ထမ်းများ၊ စစ်ဆေးရေးဂိတ်များမှ ဝန်ထမ်းများအား တွေ့ဆုံကာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ဝန်ထမ်းများအားတွေ့ဆုံ

ဒုတိယဝန်ကြီးသည် ဧပြီ၁၅ရက်နံနက်ပိုင်းတွင် တာလေမြို့နယ် ဦးစီးဌာနမှူးရုံးကို ကြည့်ရှုစစ်ဆေးပြီး မိုင်းဖြတ်ခရိုင်ဦးစီးဌာနမှူးရုံး၌ မိုင်းဖြတ်ခရိုင်နှင့် မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယုမြို့နယ်တို့မှ ဝန်ထမ်းများအား တွေ့ဆုံကာ ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးဌာနမှူးရုံး၌ ပြည်နယ်ရုံးမှ ဝန်ထမ်းများ၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံ၊ မိုင်းပြင်းနှင့် တုံတာမြို့နယ်တို့မှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် ပြည်စက်မှုဇုန် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၂ရက်က ပြည်မြို့နယ် ဆင်မကြပ်ကျေးရွာအနီးရှိ စစ်မှုထမ်းဟောင်း အိမ်ရာဆောက်လုပ်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြို့ရှောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်၌ ကြက်ဆူဆီ နမူနာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်စက်မှုဇုန်ရှိ ခေတ္တရာကွန်ကရစ် လုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၃ ရက်တွင် ပန်းတောင်းမြို့နယ်ရှိ ကွန်ကရစ်ဇလီဖားစက်ရုံ(ဉသျှစ်ပင်) တည်ဆောက်ရေးစီမံကိန်းသို့သွားရောက်၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်တဲ-ပန်းတောင်း ကားလမ်း ကတ္တရာ ရေပိတ်လွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ခတ္တိယတံတား တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ စမ်းပေါက်တံတားကြံ့ခိုင်ကောင်းမွန်မှုအခြေအနေနှင့် အုတ်ဖိုမြို့နယ်ရှိ ရန်ကုန်-ပြည်လမ်း လင်းလွန်းပင်တံတား အောက်ကြမ်းခင်း ပြန်လည်ပြုပြင်မှုလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆုချီးမြှင့်

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း) ၁၃၇၀ ပြည့်နှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၁၃ရက် ညနေ ၅နာရီတွင် ပြည်မြို့ ဗိုလ်ချုပ်လမ်း နာရီစင်ရှေ့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးသည် ဧပြီ၁၄ ရက်နှင့် ၁၅ရက်များတွင် ပဲခူးမြို့ရှိ သင်္ကြန်မဏ္ဍပ်များ၌ ယိမ်းအကအဖွဲ့ဝင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှု အားပေးပြီး တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ဧပြီ၁၆ရက်တွင် ပြည်သူ့အားကစားကွင်းရှိ တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဆုချီးမြှင့်ပွဲနှင့် မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲသို့ တက်ရောက်၍ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြကာ ကေတုမတီမြို့ရှိ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုပန်မြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ဟိုပန် ဧပြီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးဝန်ထမ်းများ ဦးစီးပြီး စာဖတ်ပရိသတ်များ ပါဝင်သည့် သတင်းစာ ဆောင်းပါး စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကို ဧပြီ ၃ရက် မွန်းလွဲ၁နာရီက မြို့နယ်ရုံး စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ စာထောက်(၃) ဒေါ်နန်းခင်စန်းဝေနှင့် အငယ်တန်းစာရေး ဒေါ်နန်းဆိုင်ဟိန်းတို့က မတ် ၃၀ရက်နှင့် ၃၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကျော်ဦးဆွေ ရေးသားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်းပါးကို ဖတ်ကြားတင်ပြသည်။

ဆွေးနွေးသုံးသပ်

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းဆာထွန်းက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ သတင်းစာ ဆောင်းပါး၏ အနှစ်သာရများကို ထုတ်နုတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်ခံအားများ ကောင်းလာစေရန်အတွက် စာဖတ်အလေ့အထ မြှင့်တင်ပေးခြင်းဟူသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို အမျိုးသားရေးတာဝန်ဟုခံယူရမည်ဖြစ်ကြောင်းဆွေးနွေးသုံးသပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်

နေပြည်တော် ဧပြီ ၂၆

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၀၉ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီး ပြည်နယ်ဥက္ကဋ္ဌ၊ ဇနီးနှင့် တက်ရောက်လာကြသူများက ပြခန်းအတွင်း ပြသထားသည့် မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

သင်တန်းဆင်း

အခြေခံပညာ ဆရာ ဆရာမများအတွက် ရှေးဦးသူနာပြုစုခြင်း (နည်းပြ) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၈ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြည်နယ်ဥက္ကဋ္ဌ၊ ဇနီးနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြကာ နည်းပြဆရာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

လုပ်ငန်းညှိနှိုင်းစည်းဝေး

ထိုမှတစ်ဆင့် ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဧပြီ ၉ရက် နံနက် ၉နာရီခွဲက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ပြခန်းတွင် ပြသထားသည့် မှတ်တမ်းတင်ဓာတ်ပုံများ၊ ပညာပေးပိုစတာများနှင့် မြေရေစစ်အိုးတို့ကို ကြည့်ရှုအားပေးသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နွေရာသီအားကစားသင်တန်းပေါင်းစုံ သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် မွန်းလွဲ ၁နာရီက လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များနှင့် နည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ ပြည်နယ် ဥက္ကဋ္ဌ၊ ဇနီးနှင့် တက်ရောက်လာကြသူများသည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ၏ အားကစားနည်းအလိုက် သရုပ်ပြမှုများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉(မြို့ပြ)လမ်း၊ တံတားဖြစ်သည့် ချယ်ရီလမ်းရှိ တံတားခင်းကျင်းခြင်းကို ဖေဖော်ဝါရီ ၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးနှင့် အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးတို့ ကြီးကြပ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

နေပြည်တော် မြန်မာ့အသံ

ရေဒီယိုအစီအစဉ်
(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
(၂၈-၄-၂၀၀၉)

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၁၅ တရားတော်(မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ ပြောပါရစေရှင် (လူငယ်နှင့်တန်ဖိုး)
- ၈:၄၀ တေးပဒေသာ
- ၉:၀၀ အစီအစဉ်ပြီး၏။

- ၁၀:၀၀ မွေးနေ့လက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၀:၄၅ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးကွမ်းရှပ်ခြောက်ဟင်းနဲ့ ခံတက်ချဉ်သုပ်)
- ၁၀:၅၅ တေးသီချင်း
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၂၅ Talk Online(စုမိ)
- ၁၁:၅၀ တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် တူယှဉ်သီကြွေးစုံတွဲတေး
- ၁၂:၃၀ အလုပ်အကိုင် အခွင့်အလမ်း
- ၁၂:၄၀ ဖြိုးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၃၀ အစီအစဉ်ပြီး၏။

- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး (စူးစမ်းခြင်းနဲ့စပ်စုခြင်း)
- ၁၆:၃၀ သောတရှင် လိုရာတေး
- ၁၇:၀၀ မေတို့တွက်တာအလှကမ္ဘာ (လှပဖို့ရာနည်းလမ်းများ)
- ၁၇:၁၀ တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ညနေခင်းတေးပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ ညနေခင်းတေးပဒေသာ
- ၁၈:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ (၁)သတ္တဝါများနှင့် ကံတရား (ဓမ္မာစရိယဦးအေးနိုင်-ဘီအေ) (၂)ကျွန်တော်အကြိုက်ဆုံးဗေဒင်ဟောနည်း(ဦးဘိုသိန်း-ဘီအေ)
- ၁၈:၄၅ တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၀၅ ဇာတ်လမ်းပမာနားဆင်စရာ (တောင်ပေါ်သူဆရာမလေး)
- ၁၉:၂၀ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၁၉:၃၀ တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၁၀ တေးစီးရီး (အိမ်-ရဲလေး)
- ၂၀:၅၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
- ၂၁:၀၀ ခံစားနားဆင်တေးဂန္ထဝင် လူမှုရေးဦးတည်ချက်
- ၂၁:၂၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

■ *ကျော်ဖုံးမှ*

Pre Paid Card စနစ်ဖြင့် ငွေကြိုတင်ပေးသွင်းပြီး ဖြတ်သန်းမောင်းနှင်နိုင်မှုနှင့်ပတ်သက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ သွားရောက်မေးမြန်းပြီး သိရှိသမျှကို ပြည်သူများသိရှိနိုင်စေရန် ပြန်လည်ရေးသား ဗဟုသုတမျှဝေလိုက်ပါသည်။

ကြိုတင်အခပေးစနစ်

ကြိုတင်အခပေးစနစ် ပြုလုပ်ပုံမှာ ငွေကောက်ခံရေး စခန်းတိုင်းရှိ အရောင်းကောင်တာတွင် Pre Paid Card ကို ဝယ်ယူပြီး ယင်းကတ်၌



မိမိသွားလိုသော ခရီးအတွက် အသုံးပြုခတန်ဖိုးကို ထည့်သွင်းရမည်ဖြစ်သည်။ Pre Paid Card ၏ သက်တမ်းမှာ ရည်ရွယ်ချက်ဖြင့် ဖျက်ဆီးခံရမှုမှအပ ငါးနှစ်အထိ မပျက်စီးနိုင်ပါ။ ကတ်အသုံးပြုခွင့် ကုန်ဆုံးသွားပါက ငွေကုန်သွားသောကတ်တွင် ငွေကြေးထပ်မံဖြည့်တင်းသောစနစ် Top up ပြုလုပ်အသုံးပြုနိုင်ပြီး Top up ထပ်မံဖြည့်တင်းငွေကို ရောက်ရှိသည့် ငွေကောက်ခံရေးစခန်းတွင် ဖြည့်တင်းပေးနိုင်သည်။

အသုံးပြုပုံစနစ်

အသုံးပြုပုံစနစ်မှာ Pre Paid Card ကို ယာဉ်၏ ရှေ့လေကာမှန်ပေါ်တွင် (ပုံပါအတိုင်း) တပ်ဆင်ရမည်ဖြစ်ပြီး ငွေကောက်ခံရေးစခန်းမှ ယင်းကတ်ကို ကွန်ပျူတာဖြင့် ဖတ်ယူစစ်ဆေးမည်ဖြစ်သည်။ ခရီးစဉ်အတွက် ငွေသွင်းလာခြင်း မှန်ကန်ပါက မောင်းတံ အလိုအလျောက် ဖွင့်ပေးမည်ဖြစ်သည်။ ငွေကောက်ခံရေး စခန်းတွင် ကီလိုမီတာ ၁၀၀ အမြန်နှုန်းမှ ကီလိုမီတာ ၈၀၊ ကီလိုမီတာ ၆၀၊ ကီလိုမီတာ ၄၀ အမြန်နှုန်းအဆင့်ဆင့် လျှော့ချ၍ ကီလိုမီတာ ၂၀ အမြန်နှုန်းတွင် ကွန်ပျူတာမှ ဖတ်ပြီး ယင်းနောက် မောင်းတံ အလိုအလျောက်ပွင့်သွားကာ ဆက်လက်ထွက်ခွာနိုင်မည် ဖြစ်သည်။

ကြိုတင်ငွေပေးချေထားသော မော်တော်ယာဉ်များဖြတ်သန်းခြင်း

ကြိုတင်ငွေပေးချေထားသော မော်တော်ယာဉ်များ ဖြတ်သန်းရာတွင် အဆင့်မြင့်နည်းစနစ်များကို အသုံးပြုထားသည်။ အဆိုပါ စနစ်သည် မော်တော်

ရှေ့လေကာမှန်ပေါ်တွင်တပ်ဆင်

Pre Paid Card ကို ယာဉ်၏ ရှေ့လေကာမှန်ပေါ်တွင် တပ်ဆင်ထားပုံ။ (သတင်းစဉ်)

ယာဉ်ကို ရပ်တန့်ရန်မလိုဘဲ မော်တော်ယာဉ် ဝင်ချိန်၊ ထွက်ချိန်နှင့် ရက်စွဲတို့ကို တိကျစွာ မှတ်တမ်းတင်ပေးနိုင်သည်။ မည်သည့်နေရာမှဝင်၍ မည်သည့်နေရာမှ ထွက်သည်ကို အချိန်နှင့်တိကျစွာ မှတ်တမ်းတင်ထားရှိနိုင်သည်။ Toll Gate အားလုံးကို ကွန်ရက်စနစ်ဖြင့် အချိန်ပြည့်ဆက်သွယ်ထားရှိသည်။ သက်တမ်းတိုးခြင်း၊ရပ်စဲခြင်းများကို ကွန်ပျူတာစနစ်ပေါ်မှ တိုက်ရိုက်ထိန်းချုပ်ပေးနိုင်သည်။

အသုံးပြုပုံစနစ်မှာ Pre Paid Card ကို ယာဉ်၏ ရှေ့လေကာမှန်ပေါ်တွင် တပ်ဆင်ရမည်ဖြစ်ပြီး ငွေကောက်ခံရေးစခန်းမှ ကွန်ပျူတာဖြင့် ဖတ်ယူ စစ်ဆေးမည်ဖြစ်သည်။ ခရီးစဉ်အတွက် ငွေသွင်းလာခြင်း မှန်ကန်ပါက မောင်းတံ အလိုအလျောက်ဖွင့်ပေးမည်ဖြစ်သည်။ ငွေကောက်ခံရေးစခန်းတွင် ကီလိုမီတာ ၁၀၀ အမြန်နှုန်းမှ ကီလိုမီတာ ၈၀၊ ကီလိုမီတာ ၆၀၊ ကီလိုမီတာ ၄၀ အမြန်နှုန်း အဆင့်ဆင့်လျှော့ချ၍ ကီလိုမီတာ ၂၀ အမြန်နှုန်းတွင် ကွန်ပျူတာမှ ဖတ်ပြီး ယင်းနောက် မောင်းတံ အလိုအလျောက် ပွင့်သွားကာ ဆက်လက်ထွက်ခွာနိုင်မည်ဖြစ်သည်။

စမ်းသပ်မောင်းနှင်

၂၉-၄-၂၀၀၉ရက်အထိ စမ်းသပ်မောင်းနှင်ကာလအဖြစ် ခွင့်ပြုပေးထားသဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန် လမ်းအပိုင်း)တွင် လမ်းအသုံးပြုခ ပေးစရာမလိုဘဲ ယာဉ်များဖြတ်သန်းမောင်းနှင်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်သည် Toll Gate ကို ဖြတ်သန်းသွားချိန်တွင် အဆိုပါကတ်ကို ဂိတ်၏ Sensor Unit မှ ဖတ်ပြီး မှန်ကန်ပါက မောင်းတံအလိုအလျောက် ဖွင့်ပေးမည်ဖြစ်သည်။ ဖြတ်သန်းခွင့်ကတ်မပါရှိဘဲ မောင်းနှင်သွားပါက Toll Gate တစ်ခုလုံးရှိ အချက်ပေးစနစ်မှ Alarm ဖြင့် အချက်ပေးမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် Toll Gate ရှိ ကင်မရာများမှ ဆက်တိုက် ဓာတ်ပုံမှတ်တမ်းတင်ထားမည်ဖြစ်သည်။ ကြိုတင်ငွေ ပေးချေထားသည့် ကတ်မပါရှိသော ကားများအတွက် သီးခြားဆောင်ရွက်ပေးမည်။ ကြိုတင်ခွင့်ပြုချက်ရပြီးသော မော်တော်ယာဉ်များအတွက် သီးသန့်လမ်းသတ်မှတ်ပေးထားပြီး သာမန်မော်တော်ယာဉ်များအနေဖြင့် ယင်းလမ်းကို ဝင်ရောက်မောင်းနှင်ခွင့်မရှိပါ။ ဝင်ရောက်မောင်းနှင်မည်ဆိုပါက ကင်မရာမှ မှတ်တမ်းတင်ပြီး တာဝန်ရှိသူအဆင့်ဆင့်ထံ ပေးပို့တင်ပြနိုင်ခြင်းနှင့် ဆက်သွယ်ရေးစနစ်ဖြင့် အခြားဂိတ်များသို့ အကြောင်းကြားခြင်းဟူသည့် နည်းလမ်းနှစ်မျိုးဖြင့် စိစစ်မည်ဖြစ်သည်။ ကြိုတင်ခွင့်ပြုချက်ကတ် မပါရှိသော မော်တော်ယာဉ်များ ကြိုတင်ခွင့်ပြုချက်ဖြင့် ဖြတ်သန်းခွင့်ပြုသည့် ယာဉ်လမ်း

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန် လမ်းအပိုင်း)တွင် ဖြတ်သန်းသွားလာနေသော ခရီးသည်တင်ယာဉ် တစ်စီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြောင်းမှ ဝင်ရောက်လာလျှင် မီးပွိုင့်မှာ အနီရောင်ပြပြီး မောင်းတံမှာ ဖွင့်ပေးမည်မဟုတ်ပေ။ အကယ်၍ အဆိုပါမော်တော်ယာဉ်သည် မောင်းတံကို တိုက်၍ ဖြတ်သန်းမောင်းနှင်မည်ဆိုပါက အချက်ပေးဥဩသံဆွဲ၍ Toll Gate တစ်ခုလုံးသို့ အသိပေးမည်ဖြစ်သည်။

လက်ငင်းငွေချေသော မော်တော်ယာဉ်များအတွက် ဂိတ်မှဆောင်ရွက်ပုံအဆင့်ဆင့်

ဂိတ်မှ ဆောင်ရွက်ပုံအဆင့်ဆင့်မှာ မောင်းတံရှေ့တွင် ရပ်ထားသောကားမှ ကားနံပါတ်နှင့် ယာဉ်မောင်းတို့၏ ဓာတ်ပုံတို့ကို မှတ်တမ်းတင်မည်၊ လမ်းအသုံးပြုခ ပြေစာထုတ်ပေးမည်၊ ပြေစာအရ လမ်းအသုံးပြုခ ကောက်ခံမည် (ပြေစာကိုအတုအပမပြုလုပ်နိုင်အောင် စီမံထားပါသည်)၊ လမ်းအသုံးပြုခ ရပြီးပါက မောင်းတံဖွင့်ပေးမည်။ မော်တော်ယာဉ်နှင့် ပတ်သက်သော အကြောင်းအရာများ မှတ်တမ်းတင်ထားရှိမည်။ Bar Code စနစ်ကို အသုံးပြုမည်။ စစ်ဆေးလိုပါက ဖော်ပြပါ Bar Code အတိုင်း အဝင်အထွက်ဂိတ်များကို စိစစ်နိုင်သည်။

ဤသို့ဖြင့် နိုင်ငံတကာအဆင့်မီ လမ်းမကြီးနှင့်အညီ ခေတ်မီ လမ်းအသုံးပြုခ ကောက်ခံမည့်စနစ်ကို စာရေးသူ ဤသို့ လေ့လာမှတ်သားခဲ့ရပါကြောင်း။ ။ **(သတင်းစဉ်)**

● ရွှေဖုံးမှ

သို့မို့ကြောင့် တည်ငြိမ်အေးချမ်းမှု ကင်းဝေးခြင်းနှင့်အတူ ဒေသဖွံ့ဖြိုး တိုးတက်မှုများသည်လည်း နောက်ကျ ကျန်ရစ်ခဲ့ရသည်။ သို့ဖြစ်လင့်ကစား ဒေသခံ တိုင်းရင်းသား ပြည်သူတို့၏ ငြိမ်းချမ်းရေး ဆုတောင်းပတ္ထနာပြုမှု နှင့်အတူ ထို့ကော်ကိုးဒေသ၏ ငြိမ်း ချမ်းရေးရောင်နီဦးအလင်းရောင်သည် အမှောင်ကိုခွင်း၍ ထွင်းဖောက် လင်းလက်လာခဲ့ပေသည်။

ဥပဒေဘောင်အတွင်း

၂၀၀၇ခုနှစ်ဖေဖော်ဝါရီ ၁၁ရက် တွင် KNU/KNLA ငြိမ်းချမ်းရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ထိန်မောင် နှင့် အဖွဲ့သည် ကရင်ပြည်နယ် ငြိမ်း ချမ်းရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုအမှန်တကယ် ဆောင်ရွက်နိုင်မည်ဟူသော ယုံကြည် ချက်ဖြင့် KNU အဖွဲ့မှ ခွဲထွက်ကာ ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့ ကြပါသည်။

ဖထီးထိန်မောင် ဦးဆောင်သော အဖွဲ့ဝင်များအား နိုင်ငံတော်အစိုးရနှင့် ပြည်သူအပေါင်းက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြပြီး ထို့ကော်ကိုးကျေးရွာ ဒေသဖွံ့ဖြိုး တိုးတက်မှုများကို ချက်ချင်း၊အားချင်း ဆောင်ရွက်ပေးခဲ့ကြသည်ကိုပြန်လည် အမှတ်ရမိပါသည်။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ထိန်မောင်။ (သတင်းစဉ်)

ကျွန်တော်တို့သည် ဘားအံမြို့မှ နံနက်စောစောထ၍ ထို့ကော်ကိုး ကျေးရွာသို့ ခရီးနှင်ခဲ့ရာတွင် တိုက် တိုက်ဆိုင်ဆိုင် သင်္ကြန်အကြို မိုးစက် မိုးပေါက်တို့နှင့် ထိတွေ့ခွင့်ရခဲ့သည်။

စိမ်းလန်းဝေဆာ

ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌဟောင်းစောဘိုမြ၏သားဖြစ်သူ ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီး အင်အား ၇၁ဦး၊ မှီခိုသူ မိသားစုဝင် ၈၈ဦး စုစုပေါင်း ၁၅၉ဦးတို့သည် လက်နက်မျိုးစုံ ၂၄လက်၊ ခဲယမ်း မီးကျောက် ဆက်စပ်ပစ္စည်းများနှင့် အတူ မတ် ၃၀ရက်တွင် KNU/ KNLA ငြိမ်းချမ်းရေးကောင်စီရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက် ပူးပေါင်းခဲ့ကြရာ ထို့ကော်ကိုးဒေသ အပါအဝင် ကရင်ပြည်နယ် တစ်ဝန်း လုံး၏ ငြိမ်းချမ်းမှု အတိတ်နိမိတ်ကို ပိုမိုဆောင်စေမည့်ငြိမ်းချမ်းရေးမိုးစက် မိုးပွင့်များဟုသာ တင်စားမိပေသည်။ ထို့ကော်ကိုးကျေးရွာသို့ နဘူးလမ်းခွဲမှ တစ်ဆင့် ခရီးဆက် ထွက်ခွာခဲ့ရာ ကျေးရွာအနီးရှိ လမ်းဘေးဝဲယာ တစ်လျှောက်၌ ရော်ဘာစိုက်ခင်းများ၊ ကျွန်းစိုက်ခင်းများဖြင့်စိမ်းလန်းဝေဆာ လျက်ရှိသည်ကို တွေ့မြင်ခဲ့ရပေသည်။

ငြိမ်းချမ်းရေး၏ အသီးအပွင့်များနှင့်အတူ ပေါ်ထွန်းလာသော ဘားအံတက္ကသိုလ် အဆောက်အအုံ။ (သတင်းစဉ်)

ထို့ကော်ကိုးကျေးရွာသို့ ရောက် သော် နိုင်ငံတော်က ဖထီးထိန်မောင်နှင့် အဖွဲ့ဝင်များအတွက် ဥပဒေဘောင် အတွင်းဝင်ရောက်လျှင်ဝင်ရောက်ချင်း နေအိမ်အဆောက်အအုံများ၊ ကားလမ်း များ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင် ကျောင်း၊ ဝင်းသူဇာအရောင်းဆိုင်များ၊ စိုက်ပျိုးရေးအတွက် ပတချောင်းကို ပြန်လည်ဆယ်ပေးကာ နဘူးဆည်၊ ပတဆည်တို့ကို ဆောက်လုပ်ပေးခဲ့ ကြောင်း သိရသည်။

ထို့အတူ စားဝတ်နေရေးအတွက် ဝက် ၁၀၂ကောင်၊ ကြက်ကောင်ရေ ၁၈၂၀၀၊ ဆိတ်ကောင်ရေ ၁၀၀နှင့် လယ်ဧက ၁၀၀၊ ရော်ဘာဧက ၁၅၀၀ စိုက်ပျိုးပေးခဲ့ပြီး မွေးမြူရေးအနေဖြင့် ငါးကန်များတူးဖော်ကာ ငါးကောင်ရေ ၆၀၀၀၀ကိုလည်း မွေးမြူပေးခဲ့သည်။

ဖော်ထုတ်စိုက်ပျိုး

ယခုနှစ်တွင် လယ် ၁၂၅ဧကကို ကိုယ်တိုင်စိုက်ပျိုးလျက်ရှိသကဲ့သို့ မိသားစုတစ်စုလျှင် ရော်ဘာသုံးဧက စီဖြင့် စုစုပေါင်း ၄၅၃ဧက ဖော်ထုတ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုလတ်တလော ဥပဒေဘောင် အတွင်း ဝင်ရောက်လာသည့် KNU/ KNLAငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင် ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြတို့ အဖွဲ့အတွက်ရေမီးအစုံအလင်၊ပျဉ်ခင်း သွပ်မိုးအိမ်အလုံး၅၀၊ အုတ်ညှပ်သွပ်မိုး အိမ်သုံးလုံးအပါအဝင် စားဝတ်နေရေး ကိစ္စအဝဝကို ပံ့ပိုးဖြည့်ဆည်း ဆောင် ရွက်ပေးနေသကဲ့သို့ ဒေသဖွံ့ဖြိုးရေး အတွက် ရွာတွင်း ၁၉ လမ်းရှိ အရှည် (၃/၁)မိုင်ကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် ထို့ကော်ကိုးကျေးရွာသို့ ရောက်တုန်း ရောက်ခိုက် ဖထီးထိန်မောင်၊ စောနေ စိုးမြတို့နှင့် တွေ့ဆုံနှုတ်ဆက်ခွင့်ရခဲ့ ပြီး ငြိမ်းချမ်းရေးတေးသံများကိုလည်း ကြားနာခွင့်ရခဲ့ပါသည်။

ကရင်ပြည်နယ်လူထု၏ ကောင်း စားရေးကို အမှန်တကယ်လိုလားသူ တို့၏ငြိမ်းချမ်းရေးတေးသံကား ချိုမြိန် လွန်းလှပါသည်။

ဝမ်းနည်းမိ

စောနေစိုးမြ၏ ငြိမ်းချမ်းရေး တေးသံများထဲတွင် "ဥပဒေဘောင် အတွင်းဝင်ရောက်ချင်ကြတဲ့လက်ကျန် KNU ထဲကသူတွေလဲ အများကြီးရှိပါ သေးတယ်။ ဒါပေမယ့် ခေါင်းဆောင် ပိုင်းက ဒုက္ခသည်စခန်းထဲက ထွက်ခွင့် မပေးတာတို့၊ အောက်လက်ငယ်သား တွေကို ခြိမ်းခြောက်အကျပ်ကိုင်ထား တာတို့ကြောင့် ကျန်နေခဲ့သူတွေအများ ကြီး ရှိပါတယ်။ တချို့ တစ်ယောက် တလေ ထွက်ခွာပြေးကြရင်လဲ လိုက် ပြီး ပစ်သတ်တဲ့အထိ လုပ်တာတွေရှိပါ တယ်" ဟူသော ဆိုစကားကြောင့် ဝမ်းနည်းမိရပါသည်။

ပြည်တွင်းပြည်ပမှ အဆိုးမြင်ဝါဒီ များနှင့် ပြည်ပအသံလွှင့်ဌာနအချို့ သည် ဖထီးတို့၊ အမိုးတို့၊ ဖိုးခွားတို့ ယခင်တစ်ချိန်က ခံစားခဲ့ကြရသည့် ဒုက္ခနွံတွင်းကဘဝတို့ကို ကိုယ်ချင်း မစာနိုင်ကြဘဲ တည်ငြိမ်အေးချမ်းမှု ပြိုကွဲအောင် ဘေးတီးဖြိုခွဲလျက်ပင် ရှိနေကြတုန်းပါတကား။

အသီးအပွင့်

သို့ဖြစ်လင့်ကစား နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားရေးတာဝန် ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အပြည့်အဝ တည် ဆောက်ခဲ့ရာတွင် နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာ အမှန်ကို သိရှိ နားလည်လာခဲ့ကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့်အဖွဲ့ ငယ် ၂၀ ကျော်တို့သည် ယခုဆိုလျှင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာ ခဲ့ကြပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရ နှင့် လက်တွဲကာ သက်ဆိုင်ရာနယ်မြေ ဒေသအလိုက် ဖွံ့ဖြိုးရေးနှင့် တည် ဆောက်ရေး လုပ်ငန်းများကို ဆောင် ရွက်နိုင်ခဲ့ကြသည့်အတွက် ဒေသဖွံ့ဖြိုး

KNU/KNLA ငြိမ်းချမ်းရေးကောင်စီရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက် ပူးပေါင်းခဲ့သူ ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ။ (သတင်းစဉ်)

တိုးတက်မှုနှင့်အတူ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကိုရရှိခံစားနေကြရပြီ ဖြစ်ပေသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ပြီးခဲ့သည့်နှစ်က ကရင်ပြည်နယ် အတွင်းရှိ ဘုရားကုန်း ငြိမ်းချမ်းရေး ဒေသနှင့် မြဝတီမြို့ရှိ ရွှေကုက္ကို ကျေးရွာ၊ မေတ္တာလင်းမြိုင်ကျေးရွာ တို့သို့လည်း ခရီးဆန့်ရောက်ဖူးခဲ့ရာ ငြိမ်းချမ်းရေး၏ အသီးအပွင့် ဒေသ

ဖွဲ့ကပင်၏ သာယာလှပမှုနှင့် ငြိမ်းချမ်းရေးချိုးငှက်တို့၏ တေးဆိုသံများဖြင့် ပိုမိုအေးချမ်းသာယာ ဖွံ့ဖြိုးလာတော့မည့် ဖွဲ့ကပင်မြေ။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်ဝါး ထင်ထင် တွေ့မြင်ခဲ့ရဖူးပေသည်။ ငြိမ်းချမ်းရေးဝါဒီတို့၏ ချိုမြသော ငြိမ်းချမ်းရေး တေးသံများကိုလည်း ကြားနာခဲ့ရဖူးပေသည်။

တကယ်အေးချမ်း

ထိုစဉ်က ဖထီး ဖဒိုအောင်ဆန်း၏ "မြန်မာနိုင်ငံဟာ တကယ်အေးချမ်း သာယာတဲ့တိုင်းပြည်ပါ။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ စည်း ကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် ကြီး မကြာမီပေါ်ပေါက်လာတော့မှာ ဖြစ်တဲ့အတွက် ဖထီးစိတ်ထဲမှာ အခု ကတည်းက ပီတိဖြစ်နေပြီ။ အခုဆို ဖထီး ငြိမ်းချမ်းမှုရဲ့ အေးမြတဲ့အရသာ ကို ပိုပြီးခံစားရပါတယ်။ အရင်တော တွင်းလက်နက်ကိုင်ဘဝကဆိုရင် အမြဲ ပူနေရတာ။ အခုမြင်တွေ့နေရတဲ့ဒေသ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ငြိမ်းချမ်း ရေးရဲ့ အသီးအပွင့်တွေပဲ" ဆိုသည့် ငြိမ်းချမ်းရေးတေးသံကိုလည်းကောင်း၊ ရွှေကုက္ကိုကျေးရွာနေ ဦးစောချစ်သူ ၏ "ဟိုအရင်က ဒီဒေသတွေဟာ မငြိမ်းချမ်းခဲ့ပါဘူး၊ နိုင်ငံတော်နဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးရယူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက် ကာ ဒီဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ၁၉၉၇ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ စတင် နေထိုင်စဉ်က တဲခုနစ်လုံးသာရှိခဲ့ ပေမယ့် အခုဆို တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းက တိုင်းရင်းသား တွေ အပါအဝင် တိုင်းရင်းသား ပေါင်းစုံ လာရောက် နေထိုင်ကြတဲ့ အတွက် အိမ်ထောင်စု ၁၅၀၀ ကျော် ရှိလာပါပြီ။ နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေးနဲ့ ဒေသဖွံ့ဖြိုးရေး အတွက် ပံ့ပိုး ကူညီပေးခဲ့ပါတယ်" ဟူသည့် ငြိမ်းချမ်းရေးတေးသံကို လည်းကောင်း၊ မေတ္တာလင်းမြိုင် ကျေးရွာနေ ဦးစောမုတ်သုန်(ခ) ဦးစောမောသို၏ "ကိုယ့်နိုင်ငံ လောက် ဘယ်မှာမှမကောင်းပါဘူး၊ မိဘအရင်းက အကောင်းဆုံးပါ။ ယုတ်စွအဆုံး မြဝတီမှာ သပြေပန်း ချိုးရောင်းတာတောင် ထမင်းမငတ် ပါဘူး။ အဓိကကတော့ ကိုယ့်တိုင်း ရင်းသားတွေ တစ်ဖက်ဒုက္ခသည် စခန်းတွေမှာ ဒုက္ခမရောက်စေချင် လို့ပါ" ဟူသော ငြိမ်းချမ်းရေး တေးသံကိုလည်းကောင်း ယခုတိုင် ပြန်လည်ကြားယောင်မိပေသည်။

စုစည်းညီညွတ်မှု

ထိုသို့သော ငြိမ်းချမ်းရေးဝါဒီ၊ အမှန်တရားကို ရှုမြင်နိုင်သော ဓမ္မ ဝါဒီများပိုမိုအားကောင်းလာသည်နှင့် အမျှ ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေး တေးသံသည်လည်းပြည်နယ်တစ်ဝန်း ပိုမိုပျံ့လွင့် ဝေဆာလာပါလိမ့်မည်။ စုစည်းညီညွတ်မှုအားမာန်တို့ကြောင့် ပြည်နယ်၏ ဒေသဖွံ့ဖြိုး တိုးတက်မှု သည်လည်း ရှေ့သို့ပိုမိုအားမာန်ဝင့်ချီ အရောက်လှမ်းနိုင်ပေလိမ့်မည်။

မိမိတို့ ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့မှ ပြန်ထွက်ခွာ လာချိန်ကားညချမ်းချိန်ခါဖြစ်သည်။ နံနက်မိုးသောက်သော် အလင်းသို့ ရောက်ပါလိမ့်မည်။ သံလွင်တံတား (ဘားအံ)ကိုကျော်ဖြတ်ရန် လမ်းကွေ့ မချိုးမီ ပြည်နယ်၏ အထိမ်းအမှတ် ဖွဲ့ကပင်တောင်ကြီးက မိမိတို့အား လှမ်း၍ နှုတ်ဆက်လက်ပြသယောင် ထင်မှတ်မိပေရာရင်တွင်းမှ "**ထာဝရ ငြိမ်းချမ်းပါစေ ဖွဲ့ကပင်မြေ**" ဟူ၍ သာပြန်လည်၍ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သလိုက်ရပါသည်။ ။

○ *ကျောဖုံးမှ*

လွယ်ကူစေရန် မြန်မာ့မီးရထားမှ ခရီးစဉ်များ တိုးချဲ့ဖောက်လုပ်ပေးနေသည်မှာ အားရစရာကောင်းလှပါတယ်။

အကုန်အကျခံ

ဧရာဝတီမြစ်အနောက်ဘက်ကနေ မီးရထားလမ်းကြီး ပေါက်နေပါပြီ၊ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းကိုဆက်ပြီး ပခုက္ကူမြို့အထိ ပေါက်နေပါတယ်။ ကြံခင်း၊ ပခုက္ကူ မိုင်၃၂၀အရှည်ကို ဖောက်နေတာ မတ်၂၂ရက်က ဥဿျစ်ပင်-ကံမလမ်းပိုင်းကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပါပြီ။ ဒေသတစ်ခုနှင့်တစ်ခုကြား လွယ်ကူချောမောစွာ သွားလာနိုင်သလို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ **"လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှုဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက် အထောက်အကူပြုသလို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ကူးလူးဆက်ဆံသွားလာနိုင်တဲ့ စည်းလုံးညီညွတ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေလည်းဖြစ်တယ်"**ဆိုတဲ့ လမ်းညွှန်ချက်နှင့်အညီ ပထဝီအနေအထားရ ရေမြေခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် နယ်စပ်ဒေသများပါမကျန် လမ်းတံတားများအပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချပြီး ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးနေခြင်းဖြစ်ပါတယ်။

ဆက်လက်ဖောက်လုပ်

ရထားလမ်းများနဲ့ ပတ်သက်ပြီး ရန်ကုန်-မန္တလေးလမ်းကို ဒွေးလမ်းအဖြစ် အပြည့်အဝ ဖောက်လုပ်ပေးနိုင်ခဲ့ပါပြီ။ ဒါကြောင့် ရထားတစ်စင်းနဲ့တစ်စင်း ဘူတာရပ်စောင့်ပြီး ရှောင်ပေးရတာမရှိတော့ဘဲ တောက်လျှောက် ခုတ်မောင်းနိုင်ပြီမို့ အချိန်မကုန်တော့ပါ။ ဆက်လက်ပြီး ကသာ-ဗန်းမော် ၉၅ မိုင်၊ နမ့်ဆန်-ကျိုင်းတုံ ၁၉၈မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး ၉၅မိုင်၊ စစ်တွေ- အမ်း- မင်းဘူး ၂၅၇ မိုင်၊ ထားဝယ်-မြိတ် ၁၃၂ မိုင်ခရီးစဉ်များကို ဆက်လက်ဖောက်လုပ်လျက်ရှိနေပါတယ်။ မင်းဘူး-စစ်တွေလမ်းပိုင်းဆိုလျှင် အနောက်ရိုးမတောင်တန်းကို ကန့်လန့်ဖြတ် ဖောက်လုပ်ရမှာဖြစ်သလို အခက်အခဲပေါင်းမြောက်မြားစွာကို ကျော်လွှားဖောက်လုပ်ရမှာ ဖြစ်ပါတယ်။ ခက်ခဲတယ်ဆိုတာက စာစကားပါ။ လက်တွေ့ဆောင်ရွက်လိုက်တဲ့အခါမှာ အောင်မြင်မှုကို ရရှိပြီး အောင်မြင်မှုအကျိုးဆက်တွေကို ပြည်သူတွေ ခံစားကြရမှာ ဖြစ်ပါတယ်။

သာစည်- ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်ဆန်ရထားလမ်းနဲ့ သာစည်-အောင်ပန်း-လွိုင်ကော် ရထားလမ်းတွေဟာ အရှေ့ရိုးမ၊ ရှမ်းရိုးမတောင်တန်းတွေကို ဖြတ်ကျော်ဖောက်လုပ်ထားတာ ဖြစ်ပါတယ်။ စာရေးသူဝန်ထမ်းဘဝမှာ ဆိုက်ခေါင်-နမ့်ဆန်မီးရထားလမ်းပိုင်းရဲ့ အပိုင်းတစ်ခုကို ဦးဆောင်ကြီးကြပ်ပြီး ဖောက်လုပ်ခဲ့ရပါတယ်။

အလေးထားဆောင်ရွက်

မီးရထားလမ်းဖောက်လုပ်တဲ့အခါ မြေပြန့်မှာထက် တောင်ပေါ်ဒေသတွေမှာ ခက်ခဲတယ်လို့ ပြောချင်တာပါ၊ ဂရုစိုက်ပြီး အလေးထားဆောင်ရွက်ရပါတယ်။ မြေသားလုပ်ငန်းပြီးပြီဆိုတာနဲ့ သံလမ်းပိုင်းရောက်လာပါတယ်။ သံလမ်းကို အောက်ခံဇလီဖား (Sleeper) ခံပေးရပါတယ်။ ဇလီဖားအောက်ကမှ ကျောက်ထည့်ရပါတယ်။ ကျောက်ရဲ့ အရွယ်အစားက (၁လက်မ×၂လက်မ)ကျောက် (ဝမ်းတူး)ကျောက်ကို သုံးရပါတယ်။ ကျောက်အရွယ်နဲ့ အမျိုးအစားကောင်းဖို့ လိုပါတယ်။ ကျောက်ကိုရေသာခိုထည့်လို့မရပါ။ လိုအပ်မယ့် ကျောက်ကျင်းအရေအတွက်ကို တွက်ချက်ထားပြီး အပိုလည်းဆောင်းထားပေးရပါတယ်။ ကျောက်ခံဇလီဖားတုံးပေါ်မှာ သံလမ်းတွေတင်ပြီး ဆက်ရပါတယ်။ သံလမ်းဆက်ရာမှာ သံလမ်းတစ်ဆက်ကို သံလမ်းဆက်ပြားနှစ်ချပ်နဲ့ ဇလီ မူလီလေးလုံးကို တင်းနေအောင် ကျပ်ရပါတယ်။ အဲဒီနောက် သံလမ်းနှစ်ဖက်ကို ရထားသံလမ်းအကျယ် သုံးပေ သုံးလက်မသုံးမူး စံချိန်ယူထားတဲ့ ကိုက်တံသုံးပြီး ဇလီဖားတုံးတွေကို လွန်ဖောက်ရပါတယ်။ ဇလီဖားတုံးထိန်းသံငုတ်ကို(Dogspike)လို့ ခေါ်ပြီး ဇလီဖားရဲ့အတွင်းအပြင် ကန့်လန့်ဖြတ်ရိုက်ရပါတယ်။ သံလမ်းတစ်ဖက်မှာ ဇလီဖားတုံး ၁၆ တုံး၊ သံလမ်းကနှစ်ဖက်၊ သံလမ်းထိန်းပင်က လေးချောင်းစီနဲ့ ၆၄ ချောင်း ရိုက်ရပါတယ်။ မရိုက်ခင် လွန်နဲ့ လိုက်ဖောက်ရပါတယ်။ ယခုသုံးနေတဲ့ ကွန်ကရစ်ဇလီဖားတုံးတွေမှာတော့ Pin တွေကို ပင်ပေါက်ထဲ ရိုက်ထည့်ပေးရုံပါပဲ။

ငွေကုန်ကြေးကျခံ

ယခုလို လွယ်လွယ်ကူကူ တည်ဆောက်လို့မရတဲ့ ရထားလမ်းဖောက်လုပ်မှုကို သိထားပြီးရင် မင်းဘူး-အမ်း-စစ်တွေလမ်း၊ နမ့်ဆန်-ကျိုင်းတုံလမ်း၊ ကသာ-ဗန်းမော် လမ်းတွေ ဘယ်လောက်ထိ ခက်ခက်ခဲခဲ ဖောက်ကြရမလဲ။ ဒီလို အခက်အခဲတွေကြားက ငွေကုန်ကြေးကျခံပြီး ဆောင်ရွက်ပေးနေတာ ဘယ်သူတွေအတွက်လဲ၊ ဘယ်သူတွေ အကျိုးခံစားရမလဲ ပြည်သူပြည်သားတွေပဲမဟုတ်ပါလား။ တောကိုဖြတ်၊ တောင်ကိုပတ်၍ အရပ်တကာရောက်အောင် နိုင်ငံတော်အကြီးအကဲများ အစီအမံနဲ့ မြန်မာ့မီးရထားက ဆောင်ရွက်ပေးနေတာ ပြည်သူတွေအတွက်ပဲ ဖြစ်ပါတယ်။

ကြိုးပမ်းတည်ဆောက်

ခရီးတစ်ခုကို အန္တရာယ်အကင်းဆုံးသွားနိုင်တာ မီးရထားပါ၊ ဈေးနှုန်းအချိုသာဆုံးနဲ့ စီးနိုင်တာ မီးရထားပါ။ ပစ္စည်းမြောက်မြားစွာကို အချိန်တိုအတွင်း တစ်နေရာမှ တစ်နေရာသို့ ဈေးနှုန်းချိုသာစွာဖြင့် ပို့ဆောင်ပေးနိုင်တာ မီးရထားပါ။ မဖြစ်နိုင်တာ မရှိဘူး၊ မဖြစ်သေးတာပဲ ရှိတယ်ဆိုတဲ့စကားအရ နိုင်ငံတော်အနေနဲ့ ပြည်သူများ လွယ်ကူစွာ လိုရာခရီးပေါက်နိုင်ဖို့ မီးရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးနေပါတယ်။ လက်ရှိ နိုင်ငံတော်အတွင်း ပြေးဆွဲနေသော ခရီးစဉ်များအတွက် နေ့စဉ် စက်ခေါင်းအလုံး ၈၀ ကျော် သုံးနေသည်ကို လေ့လာသိရှိရသည်။ ထိုစက်ခေါင်းများ စာရင်းတွင် ကုန်ရထား၊ ကျောက်ရထား၊ ဘူတာကြီးများ၊ ခရီးလမ်းဆုံဘူတာတွဲရွှေ့ခြင်းများ၊ မြို့ပတ်ရထားများအတွက် သုံးစွဲသော စက်ခေါင်းများ မပါရှိသေးပါ။ နောက်ထပ်တိုးချဲ့ ဖွင့်လှစ်မည့်လမ်းပိုင်းများအတွက် လိုအပ်သော စက်ခေါင်းများ၊ တွဲများ ပြည့်စုံစေရန် စီမံလျက်ရှိပြီး နောင်တွင် မြန်မာ့မီးရထား တစ်ခေတ်ဆန်းသစ်လာတော့မည်ဖြစ်သည်။ အထက်ကတင်ပြခဲ့သလို ဈေးနှုန်းအချိုသာဆုံး၊ အန္တရာယ်အကင်းဆုံးဖြင့် လူနှင့်ပစ္စည်းကို တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်ပေးနိုင်တာဟာ မြန်မာ့မီးရထားဖြစ်တာမို့ မီးရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးနေခြင်း ဖြစ်ပါတယ်။ နောင်အခါမှာ ဧရာဝတီမြစ်ရဲ့ အရှေ့မှဖြစ်ဖြစ်၊ အနောက်ဘက်မှ ဖြစ်ဖြစ်၊ တောင်နဲ့မြောက် စုန်ဆန်သွားလာနိုင်သလို မြန်မာပြည်အရှေ့ဖျား ကျိုင်းတုံမှ စစ်တွေ၊ ကလေးမြို့များအထိ ကန့်လန့်ဖြတ်လည်း သွားနိုင်ပါတော့မယ်။ ဒေသတစ်ခုနှင့်တစ်ခုလိုသလို ကူးလူးဆက်ဆံပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကိစ္စများကို ဆက်သွယ်ဆောင်ရွက်နိုင်စေရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ကြိုးပမ်းတည်ဆောက်နေမှုများကို ဂုဏ်ပြု ရေးသားဖော်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

ဒိုက်ဦး-စစ်တောင်း ရထားလမ်းကို ၂၀၀၇ခုနှစ် ဧပြီ၂၁ရက်က စတင် ဖွင့်လှစ် ပြေးဆွဲခဲ့သည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၄-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ မြန်မာ့ကျောက်မျက်ရတနာများဖြင့် ဖော်ကျူးထားတဲ့ မြန်မာ့ ကျောက်မျက်ရတနာပြတိုက်
- ၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၃၅ ၉။ International News
- ၈း၅၀ ၁၀။ **မီးမီးရဲ့ ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသန္တာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄း၃၀ ၄။ **စက်မှုကုန်ကြမ်းသီးနှံရော်ဘာ** (အပိုင်း-၁)
- ၄း၄၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၅၅ ၆။ တေးဂီတအစီအစဉ်
- ၅း၀၅ ၇။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၅း၂၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၅ ၉။ အဆိုပြိုင်ပွဲ
- ၅း၃၀ ၁၀။ မြန်မာစာမြန်မာစကား
- ၅း၅၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၂၈)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၁၀)

AFC Challenge Cup 2010 ခြေစစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က) မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက မကာအိုအသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၆

၂၀၀၉ခုနှစ် AFC Challenge Cup 2010 ခြေစစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ ဘန်ကာဘန်ဟုဒ် ဘောလုံးကွင်း၌ကျင်းပရာ ပွဲဦးထွက်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက မကာအို အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သွင်းယူ

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း နှစ်မိနစ်တွင် ခင်မောင်လွင်၊ ၁၅မိနစ်တွင် ရာဇာဝင်းသိန်း၊ ဒုတိယပိုင်း သုံးမိနစ်တွင် ပြည့်ဖြိုးဦးနှင့် ဒုတိယပိုင်း ၁၄မိနစ်တွင် မျိုးမင်းထွန်းတို့က သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဧပြီ၂၈ရက်တွင် အိမ်ရှင် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၃ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့တွင် ၀ဒသမ ၆၇လက်မနှင့် ကော့သောင်းမြို့တွင် ၀ဒသမ၃၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ၂၇ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

27-4 (10).pmd 1 4/27/2009, 2:31 AM

သွင်းကုန်အစားထိုး အရည်အသွေးမီ ဓာတ်ခဲများထုတ်လုပ်နေသော လားရှိုးမြို့မှ ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံ

သတင်းမှတ်စု-တင်ထွေး (သတင်းစဉ်)၊ ဓာတ်ပုံ-သန်းဦး (သတင်းစဉ်)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းအေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ မြန်မာတိုင်းရင်းသားပိုင် ရွှေမြင်းနှစ်ကောင် စက်မှုကုမ္ပဏီလီမိတက်သည် လားရှိုးမြို့နယ် ကောင်းခါးကျေးရွာရှိ စက်မှုဇုန်နယ်မြေတွင် ရွှေမြင်းနှစ်ကောင်ဓာတ်ခဲစက်ရုံကို ၂၀၀၂ခုနှစ် ဇူလိုင်၃၁ရက်၌ တည်ထောင်ဖွင့်လှစ်၍ မျောက်တံဆိပ်ဓာတ်ခဲများ ထုတ်လုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခဲ့သည်။

မျောက်တံဆိပ်ဓာတ်ခဲများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာမှ ခြောက်လတာကာလအတွင်း ဈေးကွက်ရရှိကာ လုပ်ငန်းများအောင်မြင်ခဲ့သဖြင့် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် DGH တိုးချဲ့ဓာတ်ခဲစက်ရုံကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

တိုးချဲ့

ယခုအခါ ရွှေမြင်းနှစ်ကောင်ဓာတ်ခဲစက်ရုံမှ နောက်ဆုံးပေါ်ခေတ်မီ Auto စက်ဖြင့် DGH တံဆိပ်ဓာတ်ခဲများ ထုတ်လုပ်ပြီး မြန်မာတစ်ပြည်လုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ဓာတ်ခဲအမျိုးအစားများအနေဖြင့် R 20 S UM 1 Size D (1.5 Volt) Batteries ကို ထုတ်လုပ်လျက်ရှိပြီး UM 3 Size AA နှင့် UM 5 Size AAA တို့ကို ထပ်မံတိုးချဲ့ ထုတ်လုပ်သွားမည်ဖြစ်သည်။

တည်ထောင်

ရွှေမြင်းနှစ်ကောင် စက်မှုကုမ္ပဏီလီမိတက်သည် ပြည်ပသွင်းကုန်အစားထိုးခြင်းဖြင့် နိုင်ငံခြားငွေချွေတာရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသစ်ပေါ်ထွန်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးနှင့် ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးဟူသော ရည်ရွယ်ချက်ဖြင့် ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စံချိန်စံညွှန်း

ရွှေမြင်းနှစ်ကောင် စက်မှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဝင်းက ဓာတ်ခဲများ အရည်အသွေးကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် "အရည်အသွေးပြည့်မီတဲ့ ဓာတ်ခဲတွေ ရရှိဖို့အတွက် အသုံးပြုတဲ့ ကုန်ကြမ်းတွေ သတ်မှတ်စံချိန်စံညွှန်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ထုတ်လုပ်တဲ့ ဓာတ်ခဲအလေးချိန်၊ အတိုင်းအထွာနဲ့ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကုန်ထုတ်လုပ်မှုအဆင့်တိုင်းမှာ အရည်အသွေးမီ၊ မမီ စစ်ဆေးခြင်း၊ ဓာတ်ခဲတစ်လုံးစီရဲ့ စွမ်းရည် (အင်န်ပီယာ၊ ဗို့အား)ကို စစ်ဆေးပြီး စွမ်းရည်မပြည့်တဲ့ ဓာတ်ခဲတွေကို စက်က အလိုအလျောက်ဖယ်ရှားခြင်း၊ ဓာတုပစ္စည်းဖျော်ရာမှာသုံးတဲ့ ရေကအစ ဓာတ်ခွဲခန်းမှာ စမ်းသပ်ပြီး အသုံးပြုခြင်း၊ ထွက်ရှိလာတဲ့ ဓာတ်ခဲတွေကိုလည်း ဓာတ်ခွဲခန်းမှာ အမြဲမပြတ် သုတေသနပြုလုပ်ခြင်း၊ ပြတ်တောင်းပြတ်တောင်း ထွန်းသုံးကြည့်ခြင်း၊ တစ်ဆက်တည်း ထွန်းသုံးကြည့်ခြင်းစတဲ့ စမ်းသပ်မှုတွေနဲ့ ဓာတ်ခဲတစ်လုံးစီရဲ့ တာရှည်ခံမှု စံချိန်စံညွှန်း ကို ဂရုတစိုက် စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ပါတယ်။ ဒီလိုနည်းစနစ်တွေကို အသုံးပြုထုတ်လုပ်ထားတဲ့အတွက် ဓာတ်ခဲတွေဟာ တစ်နှစ်အထိ တာရှည်အထားခံပြီး သုံးစွဲသူတွေ နစ်နာမှုမရှိစေဖို့ အာမခံနဲ့ ဖြန့်ဖြူးရောင်းချနိုင်တာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဝန်ထမ်း

ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံမှ စက်တစ်လုံးစီ၏ ကုန်ထုတ်လုပ်မှုစွမ်းအားမှာ တစ်မိနစ်လျှင် ဓာတ်ခဲအလုံး၂၀၀ဖြစ်ပြီး တစ်လလျှင် ပျမ်းမျှထုတ်လုပ်မှုမှာ ဓာတ်ခဲအလုံးရေ နှစ်သန်းဖြစ်သည်။ စက်ရုံတစ်ရုံစီတွင် ဝန်ထမ်းအင်အား ၁၀၀စီရှိရာ စုစုပေါင်း ဝန်ထမ်းအင်အား ၂၀၀ကျော်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည်။

ရွှေမြင်းနှစ်ကောင်စက်မှုကုမ္ပဏီလီမိတက်သည် Safety First ဆောင်ပုဒ်နှင့်အညီ စက်များ၏ လည်ပတ်မှုအဆင့်တိုင်းတွင် ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်ထားသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် အဆင့်ဆင့်ဆောင်ရွက်ထားပြီး စက်ရုံဝင်းအတွင်းနှင့်အပြင်၌ ဥယျာဉ်သဖွယ် သစ်ပင်၊ ပန်းပင်များ ဝေဝေဆာဆာ စိုက်ပျိုးထားခြင်းဖြင့် ဝန်ထမ်းများ စိတ်ရွှင်လန်းမှုရှိစေရန် ဖန်တီးထားသည်။

ထည့်ဝင်ပေး

ဝန်ထမ်းများ၏ ထိခိုက်မှုနှင့် ကျန်းမာရေးကို အလေးထားကာကွယ်သည့်အနေဖြင့် အဝီစိတွင်းမှ ထွက်ရှိသောရေကို သောက်ရေသန့်စက်ဖြင့် ရေသန့်ထုတ်လုပ်၍ သုံးစွဲစေသည်။ Section အလိုက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများဖြစ်သော ခေါင်းစည်း၊ နှာခေါင်းစည်း၊ လက်အိတ်၊ ဦးထုပ်၊ ဖိနပ်နှင့် ဝတ်စုံများကို အခမဲ့ ထုတ်ပေးကာ ဝတ်ဆင်စေသည်။ ရှေးဦးသူနာပြုဆေးသေတ္တာ (First Aid) များ ထားရှိပေးပြီး ခြောက်လတစ်ကြိမ် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် လစဉ်လူမှုဖူလုံရေးကြေးများကို ထည့်ဝင်ပေးသည်။

ရွှေမြင်းနှစ်ကောင် စက်မှုကုမ္ပဏီလီမိတက်သည် လားရှိုးမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် မူဆယ်မြို့များမှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်စသည့် နယ်စပ်ဒေသများအထိ ဈေးကွက် ထိုးဖောက်နိုင်ပြီဖြစ်သည်။ DGH ဓာတ်ခဲအရောင်းကိုယ်စားလှယ်များကို ရန်ကုန်၊ မန္တလေးနှင့် မူဆယ်မြို့များ၌ ထားရှိပြီး ရောင်းအားအပေါ်မူတည်၍ အရောင်းကိုယ်စားလှယ်များအား ဆုငွေများချီးမြှင့်ကြောင်း သိရသည်။

ရွှေမြင်းနှစ်ကောင် စက်မှုကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော ဓာတ်ခဲများကို နယ်စပ်ကုန်သွယ်မှုပြုလုပ်လိုသည့် ရန်ကုန်မိတ်ဆွေများ၊ ပြည်ပကုန်သည် မိတ်ဆွေများ (အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများမှ ကုန်သည်မိတ်ဆွေများ) အတွက် Export High Quality အရည်အသွေးရှိ ဓာတ်ခဲများ ထုတ်လုပ်ပေးမည်ဖြစ်ပြီး မိမိတို့ နှစ်သက်ရာတံဆိပ် (Logo) ဖြင့်လည်း ဓာတ်ခဲများ မှာယူနိုင်ကြောင်း သိရသည်။

ကျန်းမာရေး

ရွှေမြင်းနှစ်ကောင် စက်မှုကုမ္ပဏီလီမိတက်သည် ရွှေမြင်းနှစ်ကောင်ဓာတ်ခဲစက်ရုံကို နိုင်ငံတကာအဆင့်မီ ဓာတ်ခဲစက်ရုံတစ်ခုဖြစ်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဝန်ထမ်းများ၏ ထိခိုက်မှုနှင့် ကျန်းမာရေးတို့ကို အထူးဂရုစိုက် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိရာ ကုန်ထုတ်လုပ်မှု တိုးတက်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။ (သတင်းစဉ်)



ရွှေမြင်းနှစ်ကောင် စက်မှုကုမ္ပဏီလီမိတက်၏ DGH တိုးချဲ့ဓာတ်ခဲစက်ရုံအတွင်း နောက်ဆုံးပေါ် ခေတ်မီ Auto စက်ဖြင့် ဓာတ်ခဲများထုတ်လုပ်နေမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

စက်ဖြင့် အဆင့်ဆင့်ထုတ်လုပ်လိုက်သော DGH တံဆိပ် အရည်အသွေးမီ ဓာတ်ခဲများကို စံချိန်စံညွှန်း ပြည့်မီခြင်း ရှိ၊ မရှိ ထပ်မံစစ်ဆေး၍ အချောသပ်လုပ်ကိုင်နေမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဧပြီ ၂၆

ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ပညာရေးတက္ကသိုလ်၌ ၁၉၇၄မှ ၁၉၇၉ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ စုပေါင်း၍ ပုလဲရတုမြတ်ဆရာပူဇော်ပွဲကို ယခုနှစ်အတွင်း မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အဆိုပါနှစ်များအတွင်း ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်သည်။ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း-၀၁-၂၂၁၉၁၃၊ ၀၁- ၆၃၅၈၆၁နှင့် ၀၉-၅၁-၅၉၄၁၅တို့သို့ ဆက်သွယ်နိုင်သည်။

အထူးဈေးရောင်းပွဲတော် ကျင်းပမည်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဧပြီ၂၇ရက်မှ မေ၃ရက်အထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စက်မှု(၁) ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပမည်ဖြစ်ပြီး နေ့စဉ် နံနက် ၈နာရီမှ ညနေ၅နာရီအထိ ရောင်းချလျက်ရှိရာ မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်သည်။

သမဝါယမသင်တန်းကျောင်း သင်တန်းသားသစ်ခေါ်ယူ

ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များရှိ သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများတွင် မေ ၄ရက်၌ ဖွင့်လှစ်မည့်သင်တန်းများအတွက် လျှောက်လွှာများ ခေါ်ယူလျက်ရှိပြီး ရန်ကုန်မြို့ အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ဖုန်း-၅၅၅၄၉၅၊ မန္တလေးမြို့ အမှတ် ၁၆၉၊ ၈၃ လမ်း၊ ၂၅လမ်းနှင့် ၂၆လမ်းကြား ဖုန်း-၀၂-၃၉၁၃၄၈နှင့် မော်လမြိုင်မြို့ ရွှေတောင်ရပ် အထက်လမ်းမကြီး ဖုန်း-၀၅၂-၂၇၁၅၈တို့သို့ ဧပြီ ၃၀ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။

ဟိုတယ်ဆိုင်ရာသင်တန်းဆင်းပွဲ ကျင်းပ

ဒိုင်းမွန်းပဲလေ့စ်ဟိုတယ်ကုမ္ပဏီလီမိတက်နှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(အထက်မြန်မာပြည်)တို့ ပူးပေါင်းဖွင့်လှစ်သော ဟိုတယ်သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို ဧပြီ ၁၀ရက် နံနက်က မန္တလေးမြို့ ဈေးချိုဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါ ဟိုတယ်သင်တန်း အမှတ်စဉ်(၁၄)ကို မေ ၁၈ရက်မှ ဩဂုတ် ၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၀၂-၃၉၄၉၄နှင့် ၃၉၄၉၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၂ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံစေတီအရှေ့ဘက်မုခ်အနီး အမှတ်(၁)စက်မှုဝန်ကြီးဌာန ခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံသက်ကြီးစာရင်းနှင့် ပညာရည်ချွန်ဆုရ ဂုဏ်ထူးရှင်ကျောင်းသားများစာရင်းကို ဖုန်း-၆၉၅၆၄၂၊ ၆၄၂၆၇၉ နှင့် ၅၀၃၁၆၀ တို့သို့ ပေးပို့ရန်နှင့် အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ပျားမြီးရွက်ပင်မှ ဆီးချိုဆေးထုတ်လုပ်

မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါများအနက် ဆီးချိုရောဂါသည် တစ်ခုအပါအဝင်ဖြစ်ရာ ဖြစ်ပွားပြီဆိုပါက ယင်းနှင့်ဆက်စပ်သော နောက်ဆက်တွဲ ရောဂါဆိုးကျိုးများလည်း ဖြစ်ပေါ်လာတတ်သည်။ ယခုအခါ ပြည်တွင်းထုတ် ဆေးဝါးလုပ်ငန်းဖြစ်သည့် FAME ဆေးဝါးထုတ်လုပ်ရေးမှ သဘာဝဆေးပင်ဖြစ်သည့် ပျားမြီးရွက်ပင်အရွက်မှ သဘာဝဆီးချိုထိန်းဆေး Gyu-Herb ထုတ်လုပ်ထားရာ ဆီးချိုရောဂါဝေဒနာရှင်များ ဝယ်ယူသုံးစွဲနိုင်ပြီဟု သိရသည်။

နိုင်ငံတကာအစားအစာပြပွဲ မန္တလေးလုပ်ငန်းရှင်များတက်မည်

မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MDCCI) က ထိုင်းနိုင်ငံ ဗန်ကောက်တွင် မေလအတွင်းကျင်းပမည့် နိုင်ငံတကာ အစားအစာပြပွဲသို့ တက်ရောက်မည်ဖြစ်သည်။ မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကို ၁၉၉၁ခုနှစ်က ဖွဲ့စည်းခဲ့ပြီး နိုင်ငံတကာ အစားအစာပြပွဲများ၊ စက်မှုထုတ်ကုန်ပြပွဲများကို ဂျပန်၊ ကိုရီးယားစသည့် အာရှနိုင်ငံကြီးများတွင် နှစ်နှစ်ခြားတစ်ကြိမ် တက်ရောက်လေ့လာခွင့်ရကြောင်း သိရသည်။

တောင်သူများအတွက် စိုက်ပျိုးစရိတ် ဩဂုတ်လအထိပေးမည်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအတွက် မိုးရာသီစိုက်ပျိုးစရိတ်များကို လာမည့်ဩဂုတ်လကုန်အထိ ထုတ်ချေးပေးသွားမည်ဟု သိရသည်။ ချေးငွေရယူရန်အတွက် လိုအပ်သောအထောက်အထားများ၊ အချက်အလက် စာရွက်စာတမ်းများနှင့်ပတ်သက်ပြီး အဆိုပါဘဏ်၌ ထုတ်ပြန်ဖော်ပြထားကာ နီးစပ်ရာ စိုက်ပျိုးရေးရုံးများ၌ စုံစမ်းမေးမြန်းနိုင်သည်။

ရသစာပေ၏သဘော စာအုပ်ဖြန့်ချီ

ဆရာဇော်ဂျီ ကွယ်လွန်ပြီးနောက် ထုတ်ဝေခဲ့သည့် ဇော်ဂျီစာပေါင်းစု အမှတ်(၃)တွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါးများကို သီးခြားစာအုပ်အဖြစ် စုစည်းထုတ်ဝေထားသည့် ဆရာဇော်ဂျီ၏ ရသစာပေ၏သဘော ဆောင်းပါးစာအုပ်ကို ထုတ်ဝေဖြန့်ချိထားရာ ဆောင်းပါး ၃၂ပုဒ် ပါရှိသည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွှဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သိန်းနီမြို့ မြို့မဈေးကြီး ကြည့်ရှုစစ်ဆေး

သိန်းနီ ဧပြီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သား၊ ငါး ရောင်းချနေသည့် နေရာများအား ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ၊ ယင်လုံဆန်ခါဖြင့် စနစ်တကျ ရောင်းချနေမှုကို ဧပြီ ၂၁ ရက်က ဒုတိယဦးစီးမှူး ဦးအောင်ဖေ ကြည့်ရှုစစ်ဆေးရာ ဈေးတာဝန်ခံက လိုက်လံရှင်းလင်း ပြသခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ်သရဖူပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့် ဖွင့်ဟဝန်ခံ

လန်ဒန် ဧပြီ ၂၆

ချယ်လ်ဆီးအသင်းအနေဖြင့် ပရီမီယာလိဂ်သရဖူရယူရေး ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်ကြောင်း နည်းပြ ဂူဟစ်ဒင့်က ဖွင့်ဟဝန်ခံပြီးနောက် ဖလားနှစ်လုံးရယူရေးကိုသာ အာရုံစိုက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခိုင်အမာပြော

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် ဧပြီ ၂၂ ရက်က အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်ချ်၌ အဲဗာတန်အသင်းအား ဂိုးမရှိသရေကျပြီးနောက် ယခုအချိန်သည် အသင်းအနေဖြင့် ချန်ပီယံလိဂ်ဖလားနှင့် အက်ဖ်အေဖလား နှစ်လုံးကို အာရုံစိုက်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း ဂူဟစ်ဒင့် **(ယာအစွန်ပုံ)**က အခိုင်အမာ ပြောကြားခဲ့သည်။

အနားပေး

ချယ်လ်ဆီးအသင်းသည် ဧပြီ ၂၈ ရက်တွင် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် နူးကမ့်၌ ဘာစီလိုနာကို သွားရောက်ရင်ဆိုင်ရမည်ဖြစ်သည်။

ဂူဟစ်ဒင့်သည် တံကောက်ကြောဒဏ်ရာ ပြန်လည်ခံစားနေရသော ပေါ်တူဂီသား ကာဗယ်လ်ဟိုမပါဘဲ စပိန်သို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ သွားရောက်ဆင်နွှဲရန် ပြင်ဆင်ထားပြီးဖြစ်သည်။

သတိပြုစရာ

သို့သော်လည်း မေလအကုန်တွင် အက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ်ကစားမည့် ပွဲစဉ်အကြိုအဖြစ် အဲဗာတန်နှင့် ချယ်လ်ဆီးတို့ ဧပြီ ၂၂ ရက်က ပရီမီယာလိဂ်၌ ဆုံတွေ့ကာ ဂိုးသမားများ၏ လက်စွမ်းပြကာကွယ်မှုကြောင့် ဂိုးမရှိ သရေကျခဲ့မှုကလည်း ချယ်လ်ဆီးအသင်းအတွက် သတိပြုစရာဖြစ်နေကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)



အိုးထရက်ဖို့ဒ်တွင် တီဗက်ဇ် ဆက်ကစားရေး မန်ယူကွင်းလယ်ကစားသမား ကာရစ် တိုက်တွန်း

လန်ဒန် ဧပြီ ၂၆

မန်ယူအသင်းအနေဖြင့် ကမ္ဘာ့ထိပ်တန်းအသင်းအဖြစ် ဆက်လက်ရပ်တည်နေနိုင်ရန်အတွက် ကားလို့စ်တီဗက်ဇ်ကဲ့သို့သော ကမ္ဘာ့အဆင့်ရှိ အားကစားသမားများကို အသင်းတွင် ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း မိုက်ကယ်ကာရစ် (ဝဲပုံ)က ထုတ်ဖော်ပြောကြားခဲ့သည်။

ထုတ်ဖော်ပြောကြား

အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်သည် ယခု ဘောလုံးရာသီတွင် မန်ယူ၌ ပွဲကြီး ၁၁ပွဲတွင်သာ ပါဝင်ကစားခဲ့ရခြင်းကို စိတ်ပျက်လျက် အိုးထရက်ဖို့ဒ်၌ ရပ်တည်နေသောဘဝကို ပျော်ပိုက်မှုမရှိတော့ကြောင်း ယခုသီတင်းပတ်စောစောပိုင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ်းလှမ်းထား

ပြီးခဲ့သည့် ဘောလုံးရာသီက ကစားဖော် တိုက်စစ်မှူးဘာဘာတော့ဗ် မန်ယူသို့ ရောက်ရှိလာခဲ့ခြင်းသည် တီဗက်ဇ်အား ဘေးသို့ တွန်းပို့သကဲ့သို့ ဖြစ်နေသည်ဟု ဆိုသည်။ ထို့အပြင် မိမိအား အသင်းအများအပြားက ကမ်းလှမ်းထားကြောင်း ဝက်စ်ဟမ်းတိုက်စစ်မှူးဟောင်း တီဗက်ဇ်က ပြောကြားခဲ့သည်။

ယုံကြည်

သို့သော်လည်း တီဗက်ဇ်၏ကစားဖော် မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်ကမူ တီဗက်ဇ်အနေဖြင့် မန်ယူတွင် ဆက်လက်ကစားကာ နေရာရရေးအတွက် အစွမ်းကုန်ကြိုးစားလိမ့်မည်ဟု ယုံကြည်ထားသည်။

(အင်တာနက်)

ဆွစ်ဇာလန်ဂိုးသမား ဂျာကူပိုဗစ် စပါးအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်နေ

လန်ဒန် ဧပြီ ၂၆

ပရီမီယာလိဂ်အသင်း စပါးက ကမ်းလှမ်းခဲ့သည့်အတွက် အင်္ဂလန်သို့ ပြောင်းရွှေ့ကစားရန် ယင်းအသင်းနှင့် ဆွေးနွေးလျက်ရှိကြောင်း ဆွစ်ဇာလန်ဂိုးသမား အယ်လ်ဒင်ဂျာကူပိုဗစ် **(အောက်ပုံ)**က ဖွင့်ဟ ပြောကြားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆွစ်ဇာလန်နိုင်ငံ လက်ရွေးစင် ဂိုးသမား ဂျာကူပိုဗစ်သည် လောလောဆယ်တွင် ဇာတိမြေ ဆွစ်ဇာလန်ရှိ ဂရပ်စ်ဟော့ပါးအသင်း၌ အငှားစာချုပ်ဖြင့် ကစားနေသည်။ သို့သော်လည်း ၄င်းသည် ရုရှားကလပ် လိုကိုမိုးတစ်မော်စကိုနှင့် စာချုပ်ချုပ်ဆိုထားသူ ဖြစ်သည်။



ဂရပ်စ်ဟော့ပါးအသင်းကလည်း ၄င်းအား အသင်းတွင် ဆက်လက်ကစားစေလိုသည်။ သို့သော်လည်း ယင်းအသင်းသည် ပရီမီယာလိဂ်အသင်း စပါးနှင့် အပြိုင်ခေါ်ယူနိုင်ဖွယ်မရှိကြောင်း သတင်း၌ ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

အသက် ၂၄နှစ်ရှိ ဂျာကူပိုဗစ်နှင့် စပါးအသင်းတို့ လွတ်လွတ်လပ်လပ် ဆွေးနွေးနေကြသော်လည်း စာချုပ် ချုပ်ဆိုရေးမှာ မနီးစပ်သေးဟု ဆိုသည်။ နောက်ထပ် ဆွေးနွေးမှုများပြုလုပ်ရန် စိတ်ဝင်စားကြောင်း၊ သို့သော်လည်း စေ့စပ်ဆွေးနွေးမှုများကို ၄င်း၏ ကိုယ်စားလှယ်များနှင့်သာ လွှဲထားမည်ဖြစ်ကြောင်း ဂျာကူပိုဗစ်က ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)

ဗီလာနည်းပြ အိုနေးလ် ပက်ထရို့ဗ်နှင့် စာချုပ်နိုင်ရန် မျှော်လင့်

လန်ဒန် ဧပြီ ၂၆

အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ်သည် ကွင်းလယ် ကစားသမား စတီလီယန်ပက်ထရို့ဗ်အား အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုရန် တိုက်တွန်းခဲ့သည်။ ထို့အပြင် အိုနေးလ်သည် အသင်း၏ အနာဂတ်တွင် ဘူလ်ဂေးရီးယား ကွင်းလယ်ကစားသမား ပက်ထရို့ဗ်သည် အဓိကအခန်းမှ ပါဝင်သည်ဟု ယုံကြည်ထားသူဖြစ်သည်။

ဆွေးနွေး

ပက်ထရို့ဗ် **(ယာပုံ)**၏ လက်ရှိလေးနှစ်စာချုပ်မှာ လာမည့်နှစ် ဘောလုံးရာသီအပြီးတွင်ကုန်ဆုံးမည်ဖြစ်ပြီး အိုနေးလ်သည် ပက်ထရို့ဗ် အက်စ်တွန်ဗီလာအသင်းတွင် ဆက်ကစားရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ရတက်မအေး

စေ့စပ်ညှိနှိုင်းမှုများ တိုးတက်မှုရှိခဲ့သဖြင့် အိုနေးလ်က ကျေနပ်လျက်ရှိသည်။ သို့သော်လည်း အသင်းနှင့် ဆဲလ်တစ်ကစားသမားဟောင်း ပက်ထရို့ဗ်တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်အဆင့်သို့ မရောက်ရှိသေးသောကြောင့် အိုနေးလ်အနေဖြင့် လိပ်ခဲတည်းလည်းဖြစ်ကာ ရတက်မအေး ဖြစ်နေရသည်ဟု ဆိုသည်။

ဆွဲဆောင်နိုင်

ပက်ထရို့ဗ်သည် ဆဲလ်တစ်မှ အက်စ်တွန်ဗီလာသို့ ပေါင်ခြောက်သန်းဖြင့် ပြောင်းရွှေ့လာစက အသင်းတွင် ရှန်းကန်ခဲ့ရသော်လည်း ယခုအခါ အသင်းနှင့် အသားကျသွားပြီဖြစ်ပြီး ပရိသတ်များ၏ထောက်ခံမှုကို ၄င်း၏ ခြေစွမ်းထက်မြက်သည့် စွမ်းဆောင်မှုများဖြင့် သိမ်းကျုံးဆွဲဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။

(အင်တာနက်)

ဝက်စ်ဟမ်းနည်းပြ ဂျီအန်ဖရန်ကိုဇိုလာ အသင်းနှင့် စာချုပ်ထပ်မံချုပ်ဆိုရန် သဘောတူ

လန်ဒန် ဧပြီ ၂၆

ဝက်စ်ဟမ်းနည်းပြ ဇိုလာသည် အသင်းနှင့် လေးနှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုရန် သဘောတူညီခဲ့ကြောင်း ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းက ထုတ်ပြန်သော သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြောကြား

ဇိုလာနှင့် ၄င်း၏ လက်ထောက်နည်းပြ စတိဗ်ကလာကီတို့ နှစ်ဦးစလုံးသည် ဝက်စ်ဟမ်းအသင်းနှင့် လေးနှစ် စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ဆွေးနွေးသဘောတူညီခဲ့ကြပြီးဖြစ်ကြောင်း ဝက်စ်ဟမ်း အမှုဆောင်အရာရှိချုပ် စကော့ထ်ဒပ်က်စ်ဘူရီက စကိုင်း အားကစားသတင်းသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

စွမ်းဆောင်နိုင်

ဇိုလာနှင့် ကလာကီတို့သည် ဝက်စ်ဟမ်းအသင်းကို ပြီးခဲ့သည့်နှစ် စက်တင်ဘာက အလန်ကာဘစ်ရှ်လေထံမှ လွှဲပြောင်းရယူခဲ့ပြီးနောက် ဝက်စ်ဟမ်း၏ ဘောလုံးရာသီရလဒ်များကို အလှည့်အပြောင်းဖြစ်စေကာ အသင်းတိုးတက်မှုရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

(အင်တာနက်)

စုစည်းရေးသားသူ - ချစ်စိုးနိုင်
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃/၈၆၃ Toyota Corolla S/L ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဇော် ဦး ၁၂/မဂဒ(နိုင်)၀၀၅၇၄၆ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း) ရန်ကုန်မြို့။

မော်လမြိုင်အသင်းဓမ္မာရုံ ပြုပြင်တည်ဆောက်ပြီးစီး

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်အသင်း (ရန်ကုန်)၏ မော်လမြိုင် ဓမ္မာရုံအသစ် တိုးချဲ့ ဆောက်လုပ်ခြင်း၊ ကြမ်းခင်းများ ကွန်ကရစ် ကျောက်ပြားခင်းခြင်း စသော အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။

အဆိုပါဓမ္မာရုံ အကြီးစား ပြုပြင်ပြီးစီးခြင်း အလှူတော်မင်္ဂလာ အခမ်းအနားတွင် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မေ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဥတုရာသီ ‌တောကိုမြို၏

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၄လမ်း၊ အမှတ် ၅၈ နေ ဦးကျော်ခင်-ဒေါ်ခင်လေးရင် တို့၏သားကြီး ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်လှလမ်း၊ အမှတ် ၇ နေ

မောင်သန်းလင်း B.A (English)

Managing Director (Shwe Myay Htun Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၂၅၊ ပထမထပ်နေ ဒေါက်တာကျော်ဇင်မြင့်-ဒေါက်တာမြင့်မြင့်ရီ တို့၏ တစ်ဦးတည်းသော သမီး

ဒေါက်တာသန်းသန်းဝင်း M.B.,B.S (Ygn), D.B.A

Product Executive, Servier (S) Pte., Ltd. (Myanmar Branch)

တို့၏ ၂၅-၄-၂၀၀၉ရက် (စနေနေ့)တွင် မင်္ဂလာလက်မှတ်ရေးထိုးပေးသော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး ဒေါ်အေးအေးလှိုင်အားလည်းကောင်း၊ ၂၆-၄-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Traders Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံး တို့ကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းလင်း-ဒေါက်တာသန်းသန်းဝင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တာမွေမြို့နယ်၊ မေတ္တာညွန့် ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် ၄၈၅နေ ဦးဇော်မင်း-ဒေါ်လှရီတို့၏ သား မောင်သန့်ဇော်ထွန်း ၁၂/ တမန (နိုင်)၁၀၇၈၅၆သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘညီအစ်ကို မောင်နှမတို့၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ငွေနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဦးဇော်မင်း ၁၂/တမန(နိုင်)၀၅၉၆၁၇၊
ဒေါ်လှရီ ၁၂/တမန(နိုင်)၀၅၉၁၅၇။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ (င/တ)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်၅၆နေ ဦးတင်ထွန်း-ဒေါ်နွဲ့တို့၏သားထွေး

မောင်မြတ်မိုးထွေး

B.A (Hons;), M.A (Archaeology), M.C.Sc (Computer Science) (နည်းပြ)၊

ရှေးဟောင်းသုတေသနပညာဌာန၊ ဒဂုံတက္ကသိုလ် နှင့်

မန္တလေးတိုင်း၊ပြင်ဦးလွင်မြို့၊မြမာလာရပ်ကွက်၊လာဘလမ်း၊ အမှတ်၆၈နေ ဦးပရာမွတ်ဂယ်လီယားရာ-(ဒေါ်ခင်ညို)တို့၏သမီး

မနွယ်နွယ်အောင် B.A (Hons;), M.A (Archaeology) (နည်းပြ)၊ ရှေးဟောင်းသုတေသနပညာဌာန၊ ဒဂုံတက္ကသိုလ်

တို့သည် ၂၂-၄-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်မိုးထွေး - မနွယ်နွယ်အောင်။

နှစ်(၃၀)မြောက် မင်္ဂလာဆုမွန်လွှာ

ဖေဖေ ဦးအောင်ဆန်း (အင်ဂျင်နီယာချုပ်၊ မြန်မာ့သစ်လုပ်ငန်း)နှင့် မေမေ ဒေါ်ရီရီမြိုင်တို့၏ နှစ်(၃၀)မြောက် မင်္ဂလာမှသည် နှစ်ပေါင်း ၁၀၀ တိုင်အောင် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ချစ်တဲ့သမီးနှင့် သားသားတို့က ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

သမီး - ခင်မိုးမြင့် (ခေတ္တ၊ Gourmet Guru, New York, USA)
သားသား - ဒေါက်တာမိုးသောက်၊ ACF, မောင်တော၊ ရခိုင်ပြည်နယ်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးငွေးလွင်(သမာဓိရွှေဆိုင်)-ဒေါ်နွဲ့နွဲ့ကြည်(ကိုငွေးနာရီဆိုင်)တို့၏ တစ်ဦးတည်းသောသား

မောင်ထိန်လင်းဦး (Officer Cadet) Diploma in Nautical Studies

Myanmar Mercantile Marine College

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းမြင့် (ဒု-ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်စိုးစိုး (အထက-၁၊ကမာရွတ်)တို့၏ တစ်ဦးတည်းသောသမီး

မမေဇင်ဝင်းမြင့်(ခ)ပုကျူ (Final Year) Business Management

တို့၏ ၂၆-၄-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Parkroyal Hotel (Grand Ballroom)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ် မောင်မောင်(ငြိမ်း)တပ်မတော်-လေ၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဦးဝင်းသိမ်း(ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်)နှင့်ဇနီး ဒေါ်လှလှဝင်း၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မောင်ဟိန်းထက်အောင်နှင့် မယွန်းမီမီ၊ မင်္ဂလာပန်းကြဲပေးသော မဇာခြည်ဖြိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မဟေမာန်သက်အောင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မဖြူဖြူခိုင်သော်၊ သတို့သားအရံ မောင်ထက်ခိုင်ကြည်လင်နှင့် မောင်တင်ထွဋ်အောင်၊ သတို့သမီးအရံ မနီလာဝင်းနှင့် မရီချိုလွင်၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးသော ကိုမျိုးသန်းအောင် (MD-Foresight Media & Advertising)၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော အန်တီခင်ဆွေဦး၊ မိတ်ကပ်အလှဖန်တီးရှင် M ကျော်ကျော်(ခင်စန်းဝင်း)၊ ဗီဒီယိုနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးပေးသော Excellent၊ Parkroyal Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ ၂၆-၄-၂၀၀၉ရက်တွင် Ginki Kids ၌ ကျင်းပခဲ့သည့် မင်္ဂလာညစာစားပွဲသို့ တက်ရောက်ခဲ့ကြသော ဆွေမျိုးများ၊ သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထိန်လင်းဦး-မမေဇင်ဝင်းမြင့် (ပုကျူ)။

ကိုယ်အင်္ဂါမသန်စွမ်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းက ကြီးမှူး၍ ကိုယ်အင်္ဂါမသန်စွမ်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၌ လာမည့် မေ ၁ရက် နံနက် ၁၀ နာရီတွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်

အာစရိယပူဇော်ပွဲတွင် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုဆရာ ဆရာမများ၊ အကြော၊ အဆစ်ကျွမ်းကျင်သူများ၊ မသန်စွမ်းအထောက်အကူပစ္စည်း ကျွမ်းကျင်သူများ ပါဝင်ကြသည်။

လှူဒါန်းနိုင်

မသန်စွမ်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင် လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရုံး အမှတ် ၅၁ ညောင်တုန်းလမ်း ကျွန်းတောတောင်ရပ်ကွက် စမ်းချောင်းမြို့နယ် ဖုန်း- ၅၁၈၂၀၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၃)**

ဓာတ်ငွေ့ထုတ်စက် သရုပ်ပြရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဝင် Treasure Engineering Group က ထရက်ရှားရတနာ ဓာတ်ငွေ့ထုတ်စက် သရုပ်ပြရှင်းလင်းပွဲကို မတ် ၂၈ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာ သမဝါယမပိုင်မြေပေါ်၌ ကျင်းပရာ ရှေးဦးစွာ ထရက်ရှားရတနာဓာတ်ငွေ့ ထုတ်စက် အင်ဂျင်နီယာအဖွဲ့ဥက္ကဋ္ဌ ဦးရေချမ်းက သရုပ်ပြပွဲ ရှင်းလင်းပြသရခြင်းကို ရှင်းလင်းပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ ဦးခင်ဝင်းက လယ်ယာမြေတွင် ရေတင်ခြင်း၊ ဆန်ကြိတ်ခွဲခြင်း၊ ကျေးရွာ မီးရရှိရေးနှင့် ဆီစက်နှင့် သစ်ခွဲစက်များအထိ အသုံးပြုနိုင်သည့် ထရက်ရှား ရတနာဓာတ်ငွေ့ထုတ် စက်ကို လက်တွေ့သရုပ်ပြ ရှင်းလင်းသည်။ **(ယာပုံ)**

ကျေးဇူးတင်

ထို့နောက် လက်ခိုက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဟန်ညွန့်က လက်တွေ့သရုပ်ပြ ရှင်းလင်းခြင်းနှင့် ပညာပေးပြခန်း ဖွင့်လှစ်ပြသခြင်းတို့အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ကုန်ကျ

လယ်ယာမြေ ရေရရှိရေးအတွက် စက်သုံးဆီဖြင့် ၂၄နာရီ မောင်းတင်ပါက ဒီဇယ်ဆီ ရှစ်ဂါလန်ခန့် ကုန်ကျ၍ ထရက်ရှားရတနာ ဓာတ်ငွေ့ထုတ်စက်ဖြင့် မောင်းတင်ပါက ဒီဇယ်ဆီတစ်ဂါလန်နှင့် စပါးခွံလောင်စာတောင့် ၄၈ပိဿာခန့်သာ ကုန်ကျကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဘော်ဒီရုံ စက်မှုဇုန်သို့ ပြောင်းပေးစေချင်

စာတည်းခင်ဗျား-

စစ်ကိုင်းမြို့ တကောင်းတိုက် ပန်းတောရပ် နယ်မြေ(၁၂)တွင် လုပ်ငန်းသုံး ပါဝါမီတာမရှိဘဲ ကားဘော်ဒီထုရိုက်ခြင်း၊ ဆေးမှုတ်ခြင်း၊ ဂဟေဆော်ခြင်းတို့ လုပ်ကိုင်နေပါသဖြင့် အဆိုပါလုပ်ငန်းအား စက်မှုဇုန်သို့ အမြန်ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ပန်းတောသား**

ရပ်ကွက်အတွင်းမှ အရက်ဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း) ဘုရင့်နောင်လမ်းမကြီးနှင့် ဘုရင့်နောင်(၃)လမ်းထောင့်ရှိ အိမ်တစ်အိမ်တွင် အိမ်ထဲ၌လည်းကောင်း၊ လမ်းထိပ်၌ ကျူးကျော်ဆိုင်ဆောက်လုပ်၍လည်းကောင်း အရက်ရောင်းချလျက်ရှိရာ အရက်သောက်သူအချို့သည် လမ်းသွားလမ်းလာ အမျိုးသမီးများအား နှောက်ယှက်ခြင်း၊ မကြာခဏ ခိုက်ရန်ဖြစ်ပွားခြင်းတို့ကြောင့် အဆိုပါ အရက်ရောင်းချလျက်ရှိသော အိမ်နှင့် ကျူးကျော်ဆိုင်ကို သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ လမ်းသားများ**

ကျူးကျော်ခြံစည်းရိုးများ ရှင်းလင်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက် သီတာအေးမင်းလမ်းနှင့် (၁)လမ်းကြားရှိ နောက်ဖေးလမ်းကြားမြေတွင် ကျူးကျော်၍ ခြံစည်းရိုးများ ကာရံထားကြပါသဖြင့် ရေဆိုးများထုတ်ယူရာတွင် အခက်အခဲဖြစ်နေရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လှည်းကူးသား**

ရေရရှိရေး ဆောင်ရွက်ပေးပြီး

၁-၁၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **'သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း(က)ရပ်ကွက်၊ နတ်စင်လမ်းနှင့် အာသာဝတီလမ်းတို့တွင် ရေရရှိရေး ဆောင်ရွက်ပေးပါ'** ကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စည်ပင်မြေကျူးကျော်မှု ရှင်းလင်းပြီး

၁၂-၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **'ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၉ရပ်ကွက် မာလာမြိုင်နှင့် အောင်သပြေလမ်းထောင့်ရှိ ပုဂ္ဂလိက မူကြိုမှ စည်ပင်မြေကျူးကျော် အုတ်ပေါင်ခတ်၍ ပိတ်ဆို့နေ'** ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းဖယ်ရှားပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆီကြော်လုပ်ငန်းကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

တနင်္သာရီတိုင်း ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ် နတ်စင်လမ်းကြားရှိ အိမ်တစ်အိမ်တွင် နေ့စဉ်နံနက်မှ ည၇နာရီ၈နာရီခန့်အထိ စားအုန်းဆီ လေးဂါလန်ပုံး ငါးပုံးကျော်မျှ ကုန်အောင် ကြော်လှော်ရောင်းချသော ဆီကြော်လုပ်ငန်းကို နေအိမ်ပြွတ်သိပ်နေသော နေရာတွင် လုပ်ကိုင်နေရာ မီးဘေး အလွန်စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ စိစစ်တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းနေပြည်သူများ**

သုံးခွမြို့နယ်မှ ပုလဲလမ်းမ တိုးချဲ့ပြုပြင်ပေးပါရန်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သုံးခွမြို့ရှိ ပုလဲလမ်းမကြီးသည် သုံးခွမှ ရန်ကုန်သို့သွားသော လမ်းမကြီးဖြစ်ပါသည်။ အဆိုပါလမ်းမကြီးသည် ရာသီဥတုဒဏ်နှင့်ကားအသွားအလာများမှုကြောင့် ချိုင့်ခွက်များဖြစ်ကာ ခရီးသွားလာရေး အဆင်မပြေဖြစ်ရပါသည်။ ထို့ပြင် ကားလမ်းမှာကျဉ်းမြောင်းသဖြင့် ကားများ တစ်စီးနှင့်တစ်စီးရှောင်တိမ်းရာတွင် ခက်ခဲပါသောကြောင့် အဆိုပါလမ်းမအား တိုးချဲ့ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **သုံးခွသား**

ညှော်နံ့ကြောင့် ကျန်းမာရေး ထိခိုက်နေရ

စာတည်းရှင့်-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သီရိဇေယျာလမ်းအတွင်း အိမ်တစ်အိမ်တွင် ငါးခြောက်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ငါးခြောက်ထုထောင်းသံ၊ ငါးခြောက်ကင်သော ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါလုပ်ငန်းအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူများ**

ကြာအင်းဆိပ်ကြီးမြို့နယ်ပြန်/ဆက်ဦးစီးဌာနရုံးသစ်ဖွင့်

ကြာအင်းဆိပ်ကြီး ဧပြီ ၁၀

ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ရက်က အဆိုပါရုံး အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးလှဖြိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်တို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက်နယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီးလှဖြိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီတို့က စာကြည့်တိုက်ပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀စီ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဌေးလွင်က လက်ခံယူသည်။

အဆိုပါ ရုံးသစ်အဆောက်အအုံမှာ (ပေ၂၀×ပေ၂၀) အုတ်ညှပ်တစ်ထပ်၊ ရပ်မြင်သံကြားပြခန်းနှင့် အုတ်ညှပ်တစ်ထပ် စာကြည့်တိုက်နှင့် ရုံးခန်းမတို့ ဖြစ်ပြီး ကျပ်၁၉၇သိန်းအကုန်အကျခံဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လက်တွေ့ လုပ်ငန်းခွင်သင်တန်း ပေါင်မြို့၌ဖွင့်

ပေါင် ဧပြီ ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော လေ့ကျင့်ခြင်းနှင့်လက်တွေ့ လုပ်ငန်းခွင်သင်တန်းအမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းပို့ချချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးပို့ချကြသည်။ (မြို့နယ် ပြန်/ဆက်)

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှအမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦး မတ် ၂၇ရက်က ဟိုမိန်းမြို့ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးကြီး သန့်ရှင်းသာယာသပ်ရပ်မှုရှိစေရေး၊ စည်းကမ်းတကျရောင်းချစေရေးအတွက် ဆောင်ရွက် ထားရှိမှုကို စစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးခွန်ပြည့်စုံက ရှင်းလင်းတင်ပြစဉ်။

(ခရိုင် ပြန်/ဆက်)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဖောင်တော်ပြန်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းပြီးစီးမှုကို ဧပြီ ၁ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့က လုပ်ငန်းပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငွေချည်(၆)ချည်မျှင်ရှည်ဝါ ပညာပေးဟောပြောပွဲနှင့် တာဝန်ပေးအပ်ပွဲ ပင်းတယတွင် ကျင်းပ

ပင်းတယ ဧပြီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ပညာပေးဟောပြောပွဲကို ဧပြီ ၇ရက် နံနက် ၁၀ နာရီက ရွှေပုထိုးကျေးရွာနှင့် ရေဖြူကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံပြီး ၂၀၀၉-၂၀၁၀ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ပညာပေးဟောပြောပွဲနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ကဏ္ဍအလိုက် ရှင်းလင်း

အခမ်းအနားသို့ ပြည်နယ်ဝါနှင့်ပိုးချည်တာဝန်ခံ ဦးလှမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်၊ မြေစာရင်းဦးစီးမှူးဦးစိုးသန်း၊ စိုက်ပျိုးရေးမန်နေဂျာဦးချိုနိုင်ထွန်းနှင့် ဝါနှင့်ပိုးချည်တာဝန်ခံ(ပင်းတယ)ဦးဝင်းသန်းဦးတို့က ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းမူ ပြန်/ဆက် ရည်မှန်းချက် တာဝန်များရှင်းလင်း လုပ်ငန်းများ အကောင်အထည်ဖော်ရေး ဆွေးနွေး

မြင်းမူ ဧပြီ ၁၅

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဦးမောင်ကိုသည် မတ် ၂၃ရက် နံနက် ၁၀ နာရီက မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၀၉-၂၀၁၀ခုနှစ် ရည်မှန်းချက် တာဝန်များကို ရှင်းလင်းပြောကြား၍ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးကို ဆွေးနွေးပြောကြားသည်။

ရှင်းလင်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးက မြင်းမူမြို့နယ်ရုံး စာကြည့်တိုက်နေ့စဉ်စာငှားပရိသတ်၊ စာဖတ်ပရိသတ် တိုးပွားရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ထားရှိမှုများ၊ ခိုင်မာပြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လိုအပ်လျက်ရှိသော စာအုပ်စာစောင်များ တိုးပွားရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ၊ စေတနာရှင်ပြည်သူများနှင့် ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ပြောကြား

ယင်းနောက်ဆွေးနွေးတင်ပြချက်များအပေါ် ခရိုင်ဦးစီးအရာရှိက လုပ်ငန်းများ အောင်မြင်အောင် ဝန်ထမ်းများအားလုံး ကြိုးပမ်း ဆောင်ရွက်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဖြစ်ပေါ်လာအောင် အလေးထားဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

လေရှီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်သူများသန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရေးအတွက် လေရှီးမြို့မှ ပေ ၁၅၀၀၀ကွာဝေးသည့် ထီသီချောင်း သောက်သုံးရေသွယ်တန်းခြင်းလုပ်ငန်းကို မတ် ၁၀ရက်က ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ အမှုဆောင်အရာရှိ ဦးစံထွန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၅)ကြိမ်မြောက် သက်ကြီးပူဇော်

နေပြည်တော်ပျဉ်းမနား ဧပြီ ၁၈

နေပြည်တော်ပျဉ်းမနား အေးမြင့်သာကျေးရွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် (၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၄ရက် နံနက်ပိုင်းက ကျင်းပရာ ကျေးရွာသူ ကျေးရွာသားများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ကြပြီး သက်ကြီးရွယ်အို ၈၄ဦးအား ခြေသည်းလက်သည်းများ ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းနှင့် ရေချိုးသန့်စင်ပေးခြင်းများကို ဆောင်ရွက်ကြသည်။ **(အောက်ပုံ)** (၀၈၄)

ရွှေကူစည်ပင် ကျေးလက်တံတား ပြုပြင်ဆောင်ရွက်

ရွှေကူ ဧပြီ ၁၉

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရွှေကူ-ငါးဘတ်ဝသစ်သားတံတား အလျားပေ ၆၀၊ အကျယ် ၁၄ ပေ ပြုပြင်ခြင်းလုပ်ငန်းကို မတ် ၃၁ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးအေးချိုနှင့် အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

တရားမပုံစံ-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ် -၁

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
အောင်လံမြို့။
တရားနိုင်

နှင့်

၁။ ဦးထွန်းကျော်
၂။ ဒေါ်ကြည်မြင့်
တရားရှုံးများ

မကွေးတိုင်းတရားရုံး ၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆ (မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်) အောင်လံမြို့နှင့် ၁။ ဦးထွန်းကျော်၊ ၂။ ဒေါ်ကြည်မြင့် အမှုတွင်ကျရှိသည့် ဒီကရီအတွက် ဇာရီပြုစာရင်း၌ ဖော်ပြထားသောပစ္စည်းတွင် တရားရှုံးများအကျိုးသက်ဆိုင်ခြင်းကို ၂၀၀၉ခုနှစ် မေ ၁၂ရက်(၁၃၇၁ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်)နံနက်၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

အောင်လံမြို့၊ လမ်းမတော်လမ်း၊ စက်ရုံရပ်ကွက်၊ ကွင်းအကွက်(၁၆/စက်ရုံ) လယ်ပြင်၊ ဦးပိုင်အမှတ်(၂၇×၂၈)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၇၁ + ၀ ဒသမ ၀၆၁ ဧကရှိမြေနှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော အကျယ်(၂၈×၂၈)ပေ၊ နှစ်ထပ်အုတ်ညှပ်တိုက်။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၂၀။

လေလံစည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။
၂၀၀၉ခုနှစ် ဧပြီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်မြင့်စန်း
ဒုတိယခရိုင်တရားသူကြီး၊ သရက်ခရိုင်တရားရုံး။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ လယ်ဦးစုရွာနေ ဦးမောင်သွယ်-ဒေါ်ခင်ကြည်တို့၏သမီး ဒေါ်သန်းအေး ၇/မလန(နိုင်)၀၁၀၆၆၀ သည် မိဘ၏စကားကို နားမထောင်သည့်အပြင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့်သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သမျှ လုံးဝတာဝန်မယူပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမောင်သွယ်-ဒေါ်ခင်ကြည်။



သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဇီဝ
မျိုးစုံ
မျိုးကွဲတွေ
ကြွယ်ဝစေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၈ပညာသင်နှစ်အတွက် ၂၀၀၈ခုနှစ် အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ်(ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် နိုင်ငံခြား၊ ဒဂုံ၊ ရန်ကုန်အရှေ့ပိုင်း၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ ပြည်၊ ထားဝယ်၊ တောင်ငူ၊ ဟင်္သာတ၊ ပဲခူး၊ ဘားအံ၊ မြိတ်၊ မအူပင်နှင့်ရန်ကုန်အနောက်ပိုင်းဌာနခွဲများမှ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။
၂။ လျှောက်လွှာပုံစံကို (၂×၁½)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံ (ဓာတ်ပုံတွင် လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် မှတ်ပုံတင်မိတ္တူတို့ကိုပူးတွဲ၍ (၃၀-၆-၂၀၀၉)ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။
၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို လည်းကောင်း ပေးသွင်းရပါမည်။
၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆို အောင်မြင်ခဲ့သည့် အဝေးသင်ဌာနခွဲများတွင် အခမဲ့ရယူနိုင်ပါသည်။
၅။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီး အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန် ကျန်ရှိသော ငွေကြေးများ ပြေလည်အောင် ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲ အောင်မြင်ခဲ့သည့် အဝေးသင်ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။
၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ အဝေးသင်ဌာနခွဲသို့ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။
၇။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်သော်လည်း၊ မိမိတို့နှင့်သက်ဆိုင်သည့် အဝေးသင်ဌာနခွဲမှတစ်ဆင့် စိစစ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဘွဲ့ဆိုင်ရာ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ငွေကြေးများပေးသွင်းရန် ကျန်ရှိနေသေးလျှင်သော်လည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်က ဘွဲ့နှင်းပေးမည်မဟုတ်ပါ။
၈။ ၂၀၀၈ပညာသင်နှစ် မတိုင်မီက ဘွဲ့စာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။
၉။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို မိမိတက်ရောက်ရမည့် ဘွဲ့နှင်းသဘင်ပြီးဆုံးသည့် နောက်ပိုင်းကာလတွင် သထုံလမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ကာယကံရှင်ကိုယ်တိုင် မှတ်ပုံတင်မိတ္တူဖြင့် လာရောက်ထုတ်ယူနိုင်သည်။

တင်တင်ဝင်း
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်။

ကန့်ကွက်နိုင်ပါသည်

ရောဝတီတိုင်း၊ မအူပင်မြို့၊ အိုင်ဝိုင်းကျေးရွာအုပ်စု၊ အိုင်ဝိုင်းရွာမလမ်း၊ အကွက်အမှတ် (၈၈၁)၊ အိုင်ဝိုင်းကွင်း၊ ဦးပိုင်အမှတ် (၈၄/၃)ဟု ခေါ်တွင်သော ဒေါ်နော်စိန်အေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သုံးပင်၊ ခြောက်ပင်၊ နှစ်ထပ်၊ RC သစ်သားဆောင်တွဲလျက် အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်လွင်ကျော်မေ B.A, H.G.P, R.L, D.B.L
တရားရုံးချုပ်ရှေ့နေ (စဉ်-၅၉၂၂)
အခန်း E-၈ ၊ ပထမထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၀၉၅၆။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဧပြီ ၂၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း(မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပြီးစီးသော အရှည်ပေ ၇၅၀ရှိ ၄က်ပျောတော ၄လမ်း ကျောက်ချောလမ်းကို ဧပြီ ၁ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပညာအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဖွင့်ပွဲ ပေါင်မြို့နယ်၌ကျင်းပ

ပေါင် ဧပြီ ၂၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ပေါင်မြို့ ကျောက်ရေတွင်းကျေးရွာ၌ ပညာအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားနှင့် ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက်အဆောက်အအုံသစ်ကို ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် စာအုပ်စာစောင်များနှင့် ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ ရန်ကုန်မြို့ လင်းသူရ ကျောက်ပြားထုတ်လုပ်ရေးမှ အလှူရှင်ဒေါ်စိန်ရွှေက သုတရသစာအုပ်မျိုးစုံ ငွေကျပ်တစ်သိန်းဖိုးနှင့် ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာမှ ကောင်းပြည့်ရွှေဆိုင် အလှူရှင် ဦးဝင်းတင်က စာကြည့်တိုက်အတွက် ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း) လမ်းအသုံးပြုခ များ ဧပြီလကုန်မှစတင်၍ ကောက်ခံမည်

လမ်းအသုံးပြုခ ကောက်ခံသည့်အခါ Pre Paid Card စနစ်ဖြင့် ငွေကြိုတင်ပေးသွင်းနိုင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်
စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)ကို ၂၅-၃-၂၀၀၉ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ထိုရက်မှစ၍ ၂၉-၄-၂၀၀၉ရက်အထိ စမ်းသပ်မောင်းနှင်ကာလအဖြစ် လမ်းအသုံးပြုခ ပေးစရာမလိုဘဲ ဖြတ်သန်းမောင်းနှင်နိုင်ခဲ့သည်။ ၃၀-၄-၂၀၀၉ရက်မှစ၍ လမ်းအသုံးပြုခ ကောက်ခံသွားမည်ဖြစ်သည်။ လမ်းအသုံးပြုခ ကောက်ခံသည့်အခါတွင် Pre Paid Card စနစ်ဖြင့် ငွေကြိုတင်သွင်းထားနိုင်ကြောင်း သိရသည်။ ထိုကဲ့သို့ ငွေကြိုတင်သွင်းထားပါက ဂိတ်တွင် ကားကိုရပ်ပေးရန်မလိုဘဲ ကီလိုမီတာ ၂၀ အမြန်နှုန်းဖြင့် ဖြတ်သန်းမောင်းနှင်နိုင်မည်ဖြစ်သည်။ စာမျက်နှာ ၈ ကော်လံ ၁ ■

Pre Paid Card စနစ်ဖြင့် ငွေကြိုတင်ပေးသွင်းထားသော ကားတစ်စီး ကီလိုမီတာ ၂၀ အရှိန်နှုန်းဖြင့် ဖြတ်သန်းမောင်းနှင် သွားနိုင်ကြောင်း သရုပ်ပြသနေစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝပတ်ဝန်းကျင် သတင်းမှတ်စု

ဝေရက်တောင်၏ တောင်ဘက်ခြမ်း သစ်တောပြုန်းတီးမှု ကြုံတွေ့နေရ

ခတ္တာမန္ဒူ ဧပြီ ၂၆

ထင်းကိုလောင်စာအဖြစ် အဆမတန် ပိုမိုသုံးစွဲနေသည့်အတွက် ဝေရက်တောင်၏ တောင်ဘက်ခြမ်းတွင် သစ်တောပြုန်းတီးမှု ပိုများလာရသည်ဟု လေ့လာတွေ့ရှိသည် ဆို၏။

ကိုးကားဖော်ပြ

ဝေရက်တောင်၏ တောင်ဘက်ခြမ်းရှိ ဆာဂါမာသာအမျိုးသားဉယျာဉ်အတွင်း တစ်ဟက်တာလျှင် ဒေသမ ၅စတုရန်းမီတာ သစ်တောပြုန်းတီးကုန်ကြောင်း တွေ့ရသည်ဟု ဟိမာလေယန်တိုင်းမ်သတင်းစာက တနင်္ဂနွေနေ့တွင် ကိုးကားဖော်ပြသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❐

ထူးခြားသည့်နေ့အပူချိန်

၂၆-၄-၂၀၀၉

ချောက်	၄၄	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၃	ဒီဂရီစင်တီဂရိတ်
မကွေး	၄၃	ဒီဂရီစင်တီဂရိတ်
ပခုက္ကူ	၄၃	ဒီဂရီစင်တီဂရိတ်

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဧပြီ ၂၆

(၂၆-၄-၂၀၀၉ရက် မြန်မာစံတော်ချိန် မွန်းတည့်၁၂နာရီ ထုတ်ပြန်ချက်)

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၁နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံဘက်ဆီသို့ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်ကြောင့် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုးရွာစဉ် တစ်နာရီ ၃၅ မိုင်မှ မိုင်၄၀အထိ မိုးသက်လေပြင်းများ တိုက်ခတ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွန်ရက်အလား ဖောက်ကာထား မြန်မာ့မီးရထား

နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းကို ၂၀၀၇ခုနှစ် နိုဝင်ဘာ ၂၄ရက်က ဤသို့ဖွင့်လှစ်ပေးခဲ့သည်။ (မြန်မာ့အလင်း)

သတင်းဆောင်းပါး
စောအောင်(တီကျစ်)
ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု
သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၆

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက ပြည်တွင်းခရီးစဉ်များကို တိုးချဲ့ဖောက်လုပ်လျက်ရှိပါတယ်။

တိုးချဲ့ဖောက်လုပ်

အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို မီးရထားလမ်း ဖောက်လုပ်လို့ ရနိုင်ပြီး တိုင်းရင်းသား ပြည်သူများ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှု၊ ရောင်းဝယ် ဖောက်ကားမှုစတဲ့ လိုအပ်ချက်တွေ ပြည့်စုံ စာမျက်နှာ ၁၀ ကော်လံ ၁ ❍